## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကဥ္စ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဥ္စ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၅၃)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
၂၀၂၆ ခုနှစ်၊ မေ ၆ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

## နိုင်ငံတော်၊ အစိုးရနှင့်ပြည်သူလူထုကိုသစ္စာစောင့်သိပြီး တာဝန်ကျေပွန်စွာဖြင့်ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို မိမိအနေဖြင့် လေးလေးစားစားအသိအမှတ်ပြု

**နေပြည်တော် မေ ၅**

ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး၊ သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ **စာမျက်နှာ ၁၆ ကော်လံ ၃** ✭




ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

**ဥပဒေနှင့်အညီပေါ်ထွန်းလာသော နိုင်ငံတော်သမ္မတနှင့် စစ်မှန်သော ပြည်သူ့ကိုယ်စားလှယ်တို့၏ဆန္ဒအမှန်** ဆောင်းပါး စာ - ၆ သို့

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များထုတ်ပြန်** စာ - ၁၅ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်)

## စိတ်ရင်းစေတနာကောင်းနှင့်နိုင်ငံ့ခေါင်းဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရသည့်သတင်းမှာ မြန်မာနိုင်ငံနှင့်မြန်မာပြည်သူလူထုအတွက် အထူးပင်ဝမ်းသာဖွယ်ကောင်းလှသည့်သတင်းကောင်းဖြစ်သည်။ ပြည်ပနိုင်ငံမှနိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်တွင်းရှိ ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းထုတ်ပြန်ချက်များထုတ်ပြန်ကာ ဂုဏ်ပြုလျက်ရှိကြသည်။

မြန်မာနိုင်ငံရှိ ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များကလည်း နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ပတ်သက်၍ ဝမ်းမြောက်ကြည်နူးသည့်ပီတိသဝဏ်လွှာများကိုပေးပို့ကြသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၃၆၃ တွင် "နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှကူညီစောင့်ရှောက်မည်"ဟုပြဋ္ဌာန်းထားသည့်အတိုင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာဆိုင်ရာပွဲတော်အခမ်းအနားများသို့ ကိုယ်တိုင်ကိုယ်ကျတက်ရောက်အားပေးလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်တက်ရောက်အားပေးသည့်အတွက် သက်ဆိုင်ရာဘာသာဝင်များကလည်း ဝမ်းသာပီတိဖြစ်ကြသည်။ ထို့ကြောင့် ယခုအခါ ပြည်ထောင်စုလွှတ်တော်က ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် တစ်ခဲနက်ရွေးချယ်တင်မြှောက်သည့်အခါ အလွန်ပင်ဝမ်းသာပီတိဖြစ်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးချိန်မှစတင်၍ ခေတ်အဆက်ဆက်တွင် အစိုးရအမျိုးမျိုး၊ နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့်ပြောင်းလဲကျင့်သုံးခဲ့ပြီး ၂၀၁၁ ခုနှစ်မှစတင်ကာ စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုရလဒ်များဖြစ်ပေါ်ခဲ့ပြီး ၎င်းတို့အနေဖြင့် ဥပဒေနှင့်အညီဖြေရှင်းမှုမရှိဘဲ မဲမသမာမှုရလဒ်များဖြင့် ထွက်ပေါ်လာသည့်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန်ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရသည်။

ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အစိုးရအဖွဲ့ကိုဖွဲ့စည်းရာတွင် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမှုရှိစေရေး တပ်မတော်သားများဖြင့်သာ သီးခြားဖွဲ့စည်းခြင်းမဟုတ်ဘဲ နိုင်ငံ့အကျိုးကိုဆောင်ရွက်နိုင်ပြီး အတွေ့အကြုံရှိသည့်အရပ်သားများကိုပါထည့်သွင်းဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်တာဝန်ကိုစတင်ထမ်းဆောင်ချိန်တွင် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပြီး ထိုအထဲတွင်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များပြီးဆုံးပါက ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်များကိုလွှဲပြောင်းပေးအပ်မည်ဟု လုပ်ငန်းစဉ်ချမှတ်ထားပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ရာတွင် နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကြောင့် နိုင်ငံတစ်ဝန်းဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်မှုများအထိဖြစ်ပေါ်ခဲ့ပြီး တစ်ချိန်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်အချိန်လည်းဖြစ်ပြီး ပြင်းထန်သည့်သဘာဝဘေးများလည်းကြုံတွေ့ရသည်။ အခက်အခဲအကျပ်အတည်းအမျိုးမျိုးကြားမှ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ ထို့ပြင် ငြိမ်းချမ်းရေးကိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်လည်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ပြီး NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၈၉)ကြိမ်၊ NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၂၅) ကြိမ်၊ နိုင်ငံရေးပါတီများနှင့်(၂၂)ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်များနှင့် (၁၃)ကြိမ် စုစုပေါင်း(၁၄၉)ကြိမ်တွေ့ဆုံညှိနှိုင်းဆွေးနွေးနိုင်ခဲ့သည်။

ထို့ပြင် PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ပေးခဲ့သည့်အတွက် လမ်းမှားသို့ရောက်ရှိသွားသည့်လူငယ်လူရွယ်များမှာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်နေကြသည်။ နိုင်ငံတော်နှင့်မိဘပြည်သူများအတွက် ဝမ်းသာကြည်နူးဖွယ်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် စေတနာ၊ မေတ္တာ၊ ကရုဏာကြီးမားစွာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အားလုံးပါဝင်ဆောင်ရွက်နိုင်ရေးကို အစဉ်ဦးတည်ကာ ဖြေလျှော့မှုမျိုးစုံဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံ့စီးပွားတိုးတက်မြင့်မားရေးအတွက် အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးဆောင်ရွက်နိုင်ခြင်းကြောင့် ယခင်နှင့်မတူအောင် ဖွံ့ဖြိုးတိုးတက်မှုများရရှိနေပြီဖြစ်သည်။ ပညာရေးကဏ္ဍမြင့်မားတိုးတက်စေရေးအတွက်လည်း ယနေ့ခေတ်မှာ နည်းပညာခေတ်ဖြစ်သည့်အတွက် နေပြည်တော်တွင် Napyitaw State Academy နှင့် Napyitaw State Polytechnic University တို့ကိုဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်လေးခု၌လည်း Polytechnic University များကိုဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ထို့အတူ ကျန်းမာရေးကဏ္ဍအပါအဝင် အခြားသောကဏ္ဍများစွာကိုလည်း တိုးတက်အောင်စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ယခုအခါ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်သည့်အခါ ပြည်တွင်းပြည်ပရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့ခြင်းမှာ စိတ်ရင်းစေတနာကောင်းဖြင့် နိုင်ငံအကျိုးသယ်ပိုးလျက်ရှိသည့် မြန်မာနိုင်ငံ၏ခေါင်းဆောင်အဖြစ်အသိအမှတ်ပြုခြင်းလည်းဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပင်လုံမြို့၌ စူဠဘွဲ့နှင်းသဘင်အောင်လက်မှတ် ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပ

ပင်လုံ ဧပြီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မြတ်သာသနလိုဏ်ဂူတော်အတွင်း၌ (၅၈)ကြိမ်မြောက်ဖြေဆိုခဲ့သည့် စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင်အောင်လက်မှတ်ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ဧပြီလ ၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့တက်ရောက်လာသည့် ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ပညာဘူမိကျောင်းဆရာတော် ဘဒ္ဒန္တဝရသာမိထံမှ ငါးပါးသီလခံယူပြီး နဝကမ္မဝတ္ထုငွေဆက်ကပ်လှူဒါန်းခြင်းနှင့် ပရိတ်တရားတော်နာယူကြသည်။

ဆက်လက်၍ (၅၈)ကြိမ်မြောက်စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင် အောင်လက်မှတ်နှင့် နဝကမ္မဝတ္ထုငွေများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပင်လုံမြို့ပညာဘူမိကျောင်းဆရာတော် ဘဒ္ဒန္တဝရသာမိထံမှ အနုမောဒနာတရားနာယူပြီး အောင်ဆွမ်းအလှူရှင်နှင့် ဖျော်ရည်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်းသိရသည်။

(၄၁၄)

## ဆင်ပေါင်ဝဲမြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်

ဆင်ပေါင်ဝဲ ဧပြီ ၅

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ နွေရာသီကာလအတွင်း ကျရောက်လာနိုင်သည့် အပူဒဏ်အန္တရာယ်များမှပြည်သူများကြိုတင်ကာကွယ်နိုင်စေရန်ရည်ရွယ်၍ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများကို ဧပြီလ ၄ ရက် နံနက်ပိုင်းတွင် မြို့မဈေးကြီးနှင့် အများပြည်သူသွားလာရာနေရာများတွင် စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များပူးပေါင်း၍ မြို့မဈေးကြီးအတွင်း/ပြင်ပရှိ ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသူ ပြည်သူများအား အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထုတ်ဝေသည့် အသိပညာပေးလက်ကမ်းစာစောင်များကိုအခမဲ့ဖြန့်ဝေပေးကြကြောင်း သိရသည်။

(၄၀၂)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏဝိသိဋ္ဌပူဇော်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဧပြီ ၅

နိုင်ငံတော်မှချီးမြှင့်သည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိခဲ့သည့် ဆရာတော် ဒေါက်တာဘဒ္ဒန္တစာရိတ္တအား ဂုဏဝိသိဋ္ဌပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကောဝိဒ မိတ္ထီလာဆရာတော်ထံမှ ဩဝါဒပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များကို ဩဝါဒပရိသတ်များက နာယူကြသည်။

ယင်းနောက် တာဝန်ရှိသူတစ်ဦးက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဒေါက်တာဘဒ္ဒန္တစာရိတ္တ၏ ထေရုပ္ပတ္တိကို ဖတ်ကြားကာ ထုတိဝေဒလ္လဂါထာကို ရွတ်ဖတ်ပူဇော်ပြီး အလှူရှင်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည်သာသနဇောတမ္မာစရိယ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ မဇ္ဈိမနိကာယဝိဒူ ဒေါက်တာ ဘဒ္ဒန္တစာရိတ္တအား ဘွဲ့တံဆိပ်တော်အဆောင်အယောင်များ ဆက်ကပ်၍ ပူဇော်ဖွယ်ရာအဖြာဖြာတို့ဖြင့် ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ မိတ္ထီလာဆရာတော် မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေခဲ့ကြကြောင်းသိရသည်။ မြဝတီ

# မြန်မာ-တရုတ်ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲကျင်းပ



ရန်ကုန် ဧပြီ ၅

မြန်မာအနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း(MACDA)မှကြီးမှူး၍ မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ပူးပေါင်းပြီး မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်ပြည့်အထိမ်းအမှတ်ဖြင့် ကျင်းပသည့် မြန်မာ-တရုတ် ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာအနုပညာနှင့်ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း(MACDA) အသင်းနာယက အလင်္ကာကျော်စွာ ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရှင် ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာပန်းချီစိုးမိုးနှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က အမှာစကားများပြောကြားကြသည်။

ထို့နောက် မြန်မာ-တရုတ်ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ဦးစောအောင်သိန်းထွန်း၊ ဒုတိယဆုရ ရွှေအင်းသား ခင်မောင်ဝင်း၊ တတိယဆုရ မာဇဒါအောင်မြင့်နှင့်နှစ်သိမ့်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

"ကျွန်တော်တို့က အနုပညာနှင့် ယဉ်ကျေးမှုအသင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံဓာတ်ပုံအသင်းနဲ့လည်း ကျွန်တော်တို့ နဂိုကတည်းက မိတ်ဖက်အသင်းတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံဓာတ်ပုံအသင်းက မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်ပြည့်အခမ်းအနားအတွက်ကို မြန်မာ-တရုတ်ပူးပေါင်းဖလှယ်ရေး ဓာတ်ပုံပြိုင်ပွဲလုပ်ပါမယ်ဆိုပြီးတော့ လာရောက်ကမ်းလှမ်းပါတယ်။ ကျွန်တော်တို့ကလည်း အနုပညာနဲ့ပတ်သက်ဆက်စပ်နေတဲ့အတွက် ဓာတ်ပုံပြိုင်ပွဲအတွက်ကို တာဝန်ယူပြီးတော့ ဆုချီးမြှင့်ပေးတာပါ။ ဓာတ်ပုံအကဲဖြတ်တာကတော့ မြန်မာနိုင်ငံဓာတ်ပုံအသင်းက အကဲဖြတ်အမှတ်ပေးရွေးချယ်ခဲ့ပါတယ်။ ဆုပေးပွဲအခမ်းအနားကိုတော့ ဒီနေ့ဒီရက်မှာပဲ ကျင်းပခြင်းဖြစ်ပါတယ်"ဟု မြန်မာအနုပညာနှင့်ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း(MACDA) အတွင်းရေးမှူး ဦးသန်းထွန်းစိုးက ပြောသည်။

ယင်းနောက် မြန်မာအနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများက မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် Belt & Road Development Myanmar Corporationမှ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံအတွင်း လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာအသင်းအဖွဲ့များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီအုပ်စုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများရေးထိုးခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ

## အကောက်ခွန်ဦးစီးဌာနက မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း လုပ်ငန်းများအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

- ➢ အကောက်ခွန်ဦးစီးဌာနသည် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။
- ➢ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်းများမှ တစ်ဆင့် တင်သွင်း/ တင်ပို့မည့်ကုန်ပစ္စည်းများအား မဟာသင်္ကြန်ရုံးပိတ်ရက်ဖြစ်သော (၁၁-၄-၂၀၂၆)၊ (၁၃-၄-၂၀၂၆)၊ (၁၄-၄-၂၀၂၆) နှင့် (၁၅-၄-၂၀၂၆) ရက်နေ့တို့တွင် ရုံးချိန်ပြည့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ ထို့ပြင် နိုင်ငံတော်လိုအပ်ချက်အရ အရေးတကြီးတင်သွင်းလာသောပစ္စည်းများ ထုတ်ယူနိုင်ရေးအတွက် ကြိုတင်လျှောက်ထားပါက တင်သွင်း/တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ အချိန်ပို (Overtime) ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် တင်သွင်း/ တင်ပို့လိုသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်နှင့်ပတ်သက်သော Deposit ငွေလုံလောက်စွာထားရှိသွားရန်နှင့် အချိန်ပိုလုပ်ငန်းဆောင်ရွက်လိုမှုအား (၁၀-၄-၂၀၂၆) ရက်နေ့၊ (၁၄:၀၀) အချိန်ထက်နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါသည်။
- ➢ Asia World ဆိပ်ကမ်းတွင် အကောက်ခွန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှစ်ဆန်း(၁)ရက်နေ့မှအပ ကျန်ရုံးပိတ်ရက်များတွင် ပို့ကုန်ကုန်သေတ္တာများ စစ်ဆေးတင်ပို့မှုအား အချိန်ပို (Overtime) ဆောင်ရွက်ပေးရန် လျှောက်ထားလာပါက အဆိုင်း (၃) ဆိုင်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသော နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတို့တွင် သင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ ကုန်ပစ္စည်းများတင်သွင်း/တင်ပို့ရာတွင် အခက်အခဲများရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူး (ထုတ်/သွင်း) | - ၀၉-၂၅၀၂၅၄၂၀၈ |
| (ခ) | ညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၅၀၆၆၅၆၉ |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူး (ထုတ်ကုန်) | - ၀၉-၇၈၅၀၅၅၄၅၆ |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး (သွင်းကုန်) | - ၀၉-၇၈၅၄၁၄၄၃၃ |
| (င) | ဒုတိယညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၄၄၅၁၇၉၆၉၈ |
| (စ) | ဒုတိယညွှန်ကြားရေးမှူး (လေဆိပ်) | - ၀၉-၅၄၀၈၉၅၇ |

အကောက်ခွန်ဦးစီးဌာန

## ထူးခြားသည့်နေ့အပူချိန်များ

၅-၄-၂၀၂၆

| | | | |
|---|---|---|---|
| မြင်းမူ | ၄၃ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၃ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၂ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၂ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၂ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၄၂ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၄၁ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၄၁ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | | |
| မန္တလေး | ၄၁ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၄၁ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |

## ၅-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အရိပ်

မစန္ဒာ

**ယမန်နေ့မှအဆက်**

ခုတော့ သူ့ဘဝတွင် အစစအရာရာပြီးပြည့်စုံပြီဟု ကျော်ထွန်းညို ထင်သည်။ သူဌေးမဖြစ်သော်လည်း သူတို့ဘဝနှင့်သူတို့ လူတန်းစေ့ နေနိုင်ကြသည်။ ချစ်ဇနီးနှင့်ချစ်သမီးရှိသည်။ သူ့အိမ်လေးသည် မေတ္တာရနံ့ကြိုင်ပြီး ထာဝစဉ်ပင် နွေးထွေးနေလေသည်။

သမီးသည် သူ့ကို အဝေးကတည်းက မှတ်မိသည်။ လက်ညှိုးလေးထိုးပြီး စူးစူးဝါးဝါးအော်လေသည်။ အမာညိုသားကို "ဟနုမာန်"ဟု အမည်ပေးခဲ့သော ညီလင်းညိုသည် သူ့သမီးကိုကား "စပ်စုမ"ဟု အမည်ပေးပြန်သည်။ မျက်လုံးလေးအဝိုင်းသားဖြင့် စူးစမ်းတတ်လွန်းသော သမီးနှင့် လိုက်လျောသောအမည်ဖြစ်သော်လည်း ကျော်ထွန်းညို သိပ်မကြိုက်ချေ။ သမီး၏အမည်ကို သည့်ထက်လှစေချင်သည်။ သို့သော်လည်း ထုံးစံအတိုင်း ထိုအမည်သည်သာ အတည်ဖြစ်ပြီး နှုတ်ကျိုးသွားကြလေသည်။

မျက်လုံးပြာနှင့်သဘော်သားကြီးနှစ်ဦးက သူတို့ဘက်သို့လျှောက်လာသည်။ တင်ထွန်းမောင်က သူတို့ကို ဆီးကြိုနှုတ်ဆက်လိုက်သည်။ သူတို့တစ်တွေ အလုပ်ကိစ္စပြောနေကြစဉ် ကျော်ထွန်းညိုရှောင်၍ထွက်ခဲ့သည်။ သက်သက်ဆီသို့ ကြိုလျှောက်သွားပြီး သမီးလေးကိုလှမ်းခေါ်လိုက်သည်။

သမီး၏ပါးမို့မို့လေးကို နမ်းလိုက်မိချိန်တွင် သက်သက်ကပြောသည်။

"ကိုကိုရယ် ထမင်းမစားသေးဘူးလား၊ ဒီနေ့ ကိုကိုကြိုက်တဲ့ပဲကြီးနဲ့ဆူးပုပ်ဟင်းချက်တယ်လေ"

■ ■ ■ ■ ■

ဆူးပုပ်ရွက်ရေနွေးဖြောသောအနံ့ကို ညီလင်း လုံးဝမကြိုက်ပေ။ အမှတ်မဲ့ပြောရလျှင် တညင်းသီးနံ့နှင့်တူသော်လည်း တညင်းသီးနံ့ထက် စူးလေသည်။ ထိုစူးစူးဝါးဝါးနံသောအရွက်ကို တစ်အိမ်လုံးကြိုက်နှစ်သက်ကြ၍ ညီလင်း အံ့သြရသည်။

အမာညိုသည် ရေနွေးထဲမှ ဆူးပုပ်ရွက်လေးများကို ဇွန်းဖြင့်ဆယ်ကာ ထမင်းဘူးနှစ်ဘူးထဲသို့ မျှ၍ထည့်သည်။ အမာညိုတို့ အတို့အမြုပ်ကြိုက်ပုံကား လွန်သည်။ ရုံးသို့ထည့်သောထမင်းဘူးတွင်ပင် တို့စရာထည့်ယူတတ်သည်။ ထမင်းကို ငါးပိရည်ဆမ်းသွားတတ်လေသည်။

"မေမေ မံမံ၊ မံမံ ကျွေးမယ်"

ဟနုမာန်က အမာညို၏ထဘီစကိုဆွဲကာ အော်နေလေသည်။ အမာညိုက ဂရုမစိုက်ပေ။ ထမင်းဘူးထည့်ရင်း အလုပ်ရှုပ်နေသည်။ ရေချိုးခန်းထဲမှထွက်လာသောပေါက်ကျိုင်းက ဟနုမာန်ကိုကောက်ချီပြီး အပြင်ဘက်ခေါ်သွားသည်။

"ဖြည်းဖြည်းပေါ့ မမရာ လောနေတာပဲ၊ မမကြည့်ရတာ မောလိုက်တာ"

"ရှစ်နာရီထိုးနေပြီ၊ ရေတောင်မချိုးရသေးဘူး၊ တော်ကြာ ရုံးမမီရင် မြင်းနီစီးရမှာ"

**"ရုံးနောက်ကျပြီး မင်နီအတားခံရမည်ကို အမာညို အလွန်စိုးရိမ်သည်။ ကျောင်းသားဘဝတုန်းက ဖင်လှည့်ခေါင်းလှည့်နှင့် အစဉ်ပင် ကျောင်းနောက်ကျလေ့ရှိသည်။ သို့သော် အလုပ်သမားဖြစ်လာသောအခါတွင်ကား တာဝန်ဝတ္တရားဟူသော ဝန်ထုပ်ကြီးကမူ သူ့ကိုဖိစီးလာသည်။ တာဝန်ဟူသော ကြိမ်ဆော်သံကြောင့် ရှစ်နာရီခွဲပြီးသည်နှင့် ပေါက်ကျိုင်းနှင့်အမာညိုတို့နှစ်ဦးစလုံး ဘတ်စကားမှတ်တိုင်သို့ သုတ်သီးသုတ်ပျာနှင့် ပြေးလေ့ရှိသည်. . ."**

ရုံးနောက်ကျပြီး မင်နီအတားခံရမည်ကို အမာညိုအလွန်စိုးရိမ်သည်။ ကျောင်းသားဘဝတုန်းက ဖင်လှည့်ခေါင်းလှည့်နှင့် အစဉ်ပင် ကျောင်းနောက်ကျလေ့ရှိသည်။ သို့သော် အလုပ်သမားဖြစ်လာသောအခါတွင်ကား တာဝန်ဝတ္တရားဟူသော ဝန်ထုပ်ကြီးကမူ သူ့ကိုဖိစီးလာသည်။ တာဝန်ဟူသော ကြိမ်ဆော်သံကြောင့် ရှစ်နာရီခွဲပြီးသည်နှင့် ပေါက်ကျိုင်းနှင့်အမာညိုတို့နှစ်ဦးစလုံး ဘတ်စကားမှတ်တိုင်သို့ သုတ်သီးသုတ်ပျာနှင့် ပြေးလေ့ရှိသည်။ သို့မှသာ ကားစောင့်ရ၊ ကားတိုးရသည်နှင့် ရုံးကို ကိုးနာရီခွဲအမီရောက်လေသည်။ ဖေဖေကလည်း ပင်စင်ယူပြီဖြစ်သဖြင့် ယခင်တုန်းကလို ရုံးကားလေးကပ်ပြီးမစီးနိုင်တော့ပေ။

"မဖြစ်သေးပါဘူး၊ မမအတွက်တော့ ကားလေးဘာလေးဝယ်ပေးဦးမှပါ၊ ကိုရိုလာဆိုရင် တော်ပြီလား"

"အောင်မလေး၊ ရုံးသာမြန်မြန်ရောက်ပါစေ၊ ဘီးဖက်ပြီးလိုက်ရလိုက်ရ၊ ဘာကားဖြစ်ဖြစ်၊ ဦးပန်ချာကားဖြစ်ဖြစ်"

"ဟဲ့ မပြောကောင်း မဆိုကောင်း"

မေမေက ငေါက်သောအခါ အမာညိုသည် ခေါင်းလေးပုသွားကာ ရေချိုးခန်းထဲသို့ဝင်ပြေးသွားလေသည်။ တဝုန်းဝုန်းရေချိုးသံကိုကြားရသည်။ ဆယ်ခွက်ခန့်ချိုးပြီးသောအခါ ခေတ္တရပ်ပြီး ဆပ်ပြာတိုက်သည်။ ထို့နောက် တိုက်ထားသောဆပ်ပြာများစင်သွားအောင် ဆယ်ခွက်ခန့် ထပ်၍ လောင်းသည်။ စုစုပေါင်း သုံးမိနစ်ခန့်သာရှိမည်ထင်သည်။ အမာညို၏ရေချိုးခြင်းကိစ္စသည် ပြီးစီးသွားလေသည်။

"ညီလင်း၊ နင် နက်ဖြန် အင်တာဗျူးရှိတယ်မဟုတ်လား"

"အင်း"

"ဘာတွေဖတ်ထားလဲ၊ နိုင်ငံတကာရေးရာ ဖတ်ရဲ့လား"

"ဖတ်ချင်ဘူးဗျာ၊ ရုံးမှာလည်း မလုပ်ချင်ဘူး"

"နင်တော့ ခက်တာပဲ၊ ဒီလိုဆို ဘာလို့ မင်းသားဖြစ်အောင်မလုပ်လဲ၊ ဒီလောက်အခွင့်အရေးရနေတာကို၊ မိတ်ကပ်လိမ်းရတာ ကပ်စေးစေးဖြစ်သလေး၊ မင်းသမီးကိုဖက်ရတာ အတုချည်းမို့ ဖီလင်အောက်သလေးနဲ့၊ အလကား အဖြစ်မရှိဘဲနဲ့ အရိုးမျှားသော ချေးခါးသောလုပ်နေတယ်"

ညီလင်းသည် ဘာမှပြန်မပြောဘဲ မျက်မှောင်ကုတ်နေမိလေသည်။ သူတို့အိမ်တွင် လူစေ့တက်စေ့ တာဝန်ကိုယ်စီရှိကြသည်ဟုထင်သည်။ သူတစ်ဦးတည်းသာ ယောင်ခြောက်ဆယ်ဖြစ်နေလေသည်။ တစ်နေ့တစ်နေ့ ဟိုယောင်ယောင် ဒီယောင်ယောင်နှင့်ပင် အချိန်ကုန်နေသည်။ သူနှင့်စာလျှင် နွေသူရိန်တို့၊ တင်ထွန်းမောင်တို့က အများကြီး ပိုပြီးပြတ်သားသည်။ နွေသူရိန်က သူ့လို အရိုးမျှား ချေးမခါးဘဲ ရုံးလုပ်ငန်းသို့ ဝင်လိုက်သည်။ တင်ထွန်းမောင်ကလည်း မှောင်ခိုဟူသောအမည်ကို ရဲရဲဝံ့ဝံ့ခံယူသည်။ စီးပွားရေးကိုဇောက်ချလုပ်သည်။ သူကသာ ဟိုစမ်းစမ်း ဒီစမ်းစမ်းနှင့် ဘယ်ဘက်မှာမှ သုံး၍မရသောသူဖြစ်နေလေသည်။

'မေမေ'

ညီလင်းက ခေါ်သောအခါ မေမေက ဟင်းချက်ရင်းတန်းလန်းမှ မသိမသာ စောင်း၍ကြည့်သည်။ သူ့ကို "အင်တာဗျူး"သွားစေချင်သော်လည်း တိုက်တွန်းစကားတစ်ခွန်းမျှ ဝင်မပြောပေ။ ဟိုယောင်ယောင် ဒီယောင်ယောင်ဖြစ်နေသောသားငယ်ကို သနားလည်းသနား၊ စိတ်လည်း မကောင်းဖြစ်နေပုံရသည်။

"မေမေ၊ ကျွန်တော် သုံးဘီးမောင်းရင် ဘာပြောမလဲ"

"သားက မောင်းချင်လို့လား"

"ကျွန်တော် စာမေးပွဲအောင်တာ ဆယ်လလောက်ရှိပြီ၊ ခုထိ မိဘဆီမှာ ကပ်စားပြီး မုန့်ဖိုးတောင်းနေရတုန်းပဲ၊ ကျွန်တော်အလုပ်လုပ်ချင်တယ်၊ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်၊ ကိုယ့်အချိန် ကိုယ်ပိုင်တဲ့အလုပ်ပဲ လုပ်ချင်တယ်"

"သားဖေဖေက သဘောတူပါ့မလား"

"ဘာလို့လဲ"

"ဩော် သူ့သားက သုံးဘီးမောင်းတယ်ဆိုတော့ သူ့အပေါင်းအသင်း မိတ်ဆွေတွေကြားထဲမှာ ပြောလို့ကောင်းပါ့မလားကွယ်"

"ကျွန်တော် သူများပစ္စည်းခိုးတာမှမဟုတ်ဘဲ မေမေရယ်"

သူတို့ကသာ ဖေဖေ သဘောမတူဟု ထင်ခဲ့သော်လည်း ဖေဖေသည် ကန့်ကွက်စကားတစ်ခွန်းမျှ မပြောခဲ့ပေ။ ညီလင်းကိုစေ့စေ့ကြည့်ကာ ပြုံးသည်။ ထို့နောက် "ကောင်းတယ် ကောင်းတယ်၊ ကားကို ဘယ်က ငှားမလဲ"ဟုမေးလေသည်။

■ ■ ■ ■ ■

"စု ကိုယ့်ကိုယ်ကိုယ် လွန်လွန်းနေပြီလို့ မထင်ဘူးလား"

"ထင်ပါတယ် ဒက်ဒီ"

စုလှိုင်က ဒက်ဒီကို မျက်လွှာလေးပင့်ကြည့်ကာ စိတ်မပါလက်မပါ အဖြေပေးလိုက်သည်။ ကိုယ့်ကိုယ်ကိုယ် လွန်လွန်းနေပြီဟု အမှန်တကယ် ထင်မိပြီတော့ဖြစ်သည်။ သို့သော် ကိုယ့်စိတ်ကို ကိုယ်တားဆီး၍ မရနိုင်သည်ကတော့ တစ်ပိုင်းဖြစ်သည်။

"စုရဲ့လက်ဝတ်လက်စားတွေရော"

"မရှိတော့ဘူး"

"မာမီဟာတွေရော"

"တစ်စုံတော့ ကျန်ပါသေးတယ်"

"သိပ်လွန်နေပြီ"

"ဟုတ်ပါတယ်"

အသားအရေများ ဖြူရော်ခြောက်သွေ့နေသောစုလှိုင်ကို ဒက်ဒီက စိုက်၍ ကြည့်နေသည်။ စုလှိုင် အကျင့်ပါနေသည်။ ဒက်ဒီကိုပင် မခိုးမခန့် ပြုံးပြမိသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ကြို့ပင်ကောက်မြို့နယ်၌ ရေဆင်းပေါ်ဆန်းစပါးမျိုးများ စိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု



ကြို့ပင်ကောက် ဧပြီ ၅

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ အရည်အသွေးမြင့် ပေါ်ဆန်းမွှေးစပါးမျိုးများ လုံလောက်စွာရရှိစေရန် ရည်ရွယ်၍ ရေဆင်းပေါ်ဆန်း(၂)စပါးမျိုးများစိုက်ပျိုးထားရှိမှုကို ဧပြီလ ၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဌေးနှင့် တာဝန်ရှိသူများသည် ဒေသအတွင်း အရည်အသွေးမြင့် ပေါ်ဆန်းမွှေးစပါးများ လုံလောက်စွာရရှိနိုင်ရန်၊ ပြည်ပတင်ပို့နိုင်ရေးကို အထောက်အကူပြုစေရန်နှင့် တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန် ရေဆင်းပေါ်ဆန်း(၂)စပါးမျိုးများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရေဆင်းပေါ်ဆန်း(၂)စပါးမျိုးကို မျိုးစေ့ထုတ်စိုက်ခင်းများအဖြစ် ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ဥက္ကံကျေးရွာအုပ်စု၌ ရှစ်ဧကနှင့် အောင်ပင်သာကျေးရွာအုပ်စု၌ နှစ်ဧက စုစုပေါင်း ၁၀ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ကန့်ဘလူမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ဖြေဆိုပြီးစီး

ကန့်ဘလူ ဧပြီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ်လ ၂၉ ရက်ကစတင်ဖြေဆိုခဲ့ရာ ဧပြီလ ၄ ရက်တွင် ဖြေဆိုပြီးစီးပြီဖြစ်သည်။

အဆိုပါအစိုးရပါဠိပထမပြန်စာမေးပွဲကို ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် သာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပထမကြီးတန်း ၆ ပါး၊ ပထမလတ်တန်း ၆ ပါး၊ ပထမငယ်တန်း ၂၄ ပါးနှင့်အခြေပြုမူလတန်း အပါး ၄၀ စုစုပေါင်း ၇၆ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲကို စာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများ၊ စာမေးပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး စာမေးပွဲကာလအတွင်း မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင် အလှူရှင်များက စာဖြေသံဃာများအတွက် လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို အလှည့်ကျဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Sihasak Phuangketkeow ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**သို့**
**အဆွေတော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတ**
**နေပြည်တော်**

ရက်စွဲ၊ ၃-၄-၂၀၂၆။
စာအမှတ်၊ ၁၃၀၃/၇၇၀

**အဆွေတော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

၁။ အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ကျွန်ုပ်၏လှိုက်လှဲစွာဂုဏ်ပြုကြောင်း သဝဏ်လွှာကို ပေးပို့ခွင့်ရခြင်းအား ဂုဏ်ယူဝမ်းမြောက်မိပါသည်။ အဆွေတော်၏ ကျွမ်းကျင်သော ဦးဆောင်မှုနှင့်နွေးထွေးသော ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် ထိုင်း-မြန်မာ ဆက်ဆံရေးသည် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့်ကဏ္ဍအားလုံးတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

၂။ ကျွန်ုပ်အနေဖြင့် အဆွေတော်၏သမ္မတရာထူးအပ်နှင်းပွဲအခမ်းအနားသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ရန် အလွန်ပင်ဆန္ဒရှိခဲ့ပါသည်။ သို့သော်လည်း ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉-၁၀ ရက်များတွင် ထိုင်းဘုရင်မင်းမြတ်အစိုးရမှလွှတ်တော်သို့တင်သွင်းမည့် မူဝါဒရေးရာတင်ပြချက်များရှိနေပြီး အစိုးရအဖွဲ့ဝင်အားလုံး တက်ရောက်ရန်လိုအပ်နေပါသဖြင့် အဆွေတော်၏အခမ်းအနားသို့ ဆန္ဒရှိသည့်အတိုင်း မတက်ရောက်နိုင်တော့သည်ကို လွန်စွာစိတ်မကောင်းဖြစ်မိပါသည်။ သို့ရာတွင် ကျွန်ုပ်သည် ဤသို့မြန်မာနိုင်ငံအတွက် မင်္ဂလာရှိသော ထူးမြတ်သည့်အခါသမယတွင် ထိုင်းနိုင်ငံကိုယ်စားတက်ရောက်ရန်နှင့် အဆွေတော်ထံသို့ကျွန်ုပ်၏ ဆုမွန်ကောင်းများနှင့် ဂုဏ်ပြုစကားများကို ကိုယ်တိုင်ကိုယ်ကျပြောကြားပေးရန်အတွက် ထိုင်းနိုင်ငံ၏ ထင်ရှားသောဒုတိယဝန်ကြီးချုပ်ဟောင်းနှင့်နိုင်ငံခြားရေးဝန်ကြီးဟောင်းဖြစ်သူ **H.E.Dr. Parnpree Bahiddha-Nukara** ကိုလွှဲအပ်တာဝန်ပေးလိုက်ပါသည်။

၃။ ကျွန်ုပ်တို့၏နှစ်နိုင်ငံဆက်ဆံရေး အနာဂတ်အတွက် အကောင်းမြင်မျှော်လင့်ထားပြီး ထိုင်း-မြန်မာ ဆက်ဆံရေး၏အခန်းကဏ္ဍသစ်ကို ဖော်ဆောင်နိုင်ရန်အတွက် မြန်မာအစိုးရသစ်နှင့်နီးကပ်စွာဆက်လက်လုပ်ဆောင်သွားရန် အလွန်မျှော်လင့်နေပါသည်။ ထိုင်းနိုင်ငံသည် သူငယ်ချင်းကောင်းနှင့်မိတ်ဖက်ကောင်း အဖြစ်ရပ်တည်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ရာတွင် မြန်မာ အစိုးရသစ်၏ကြိုးပမ်းမှုများကို ကူညီပံ့ပိုးပေးရန်အသင့်ရှိနေပါသည်။ နေပြည်တော်၌ အဆွေတော်အား ဂါရဝပြုတွေ့ဆုံရန်နှင့် ကျွန်ုပ်တို့၏ဆွေးနွေးမှုများကို မကြာမီဆက်လက်ဆောင်ရွက်သွားနိုင်ရန်လည်း မျှော်လင့်ပါသည်။

၄။ အဆွေတော်အပေါ်ထားရှိသည့် ကျွန်ုပ်၏အထူးလေးစားမှုကိုလက်ခံရယူပါရန် အလေးအနက် တောင်းဆိုအပ်ပါသည်။

**Sihasak Phuangketkeow**
ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး
ထိုင်းနိုင်ငံ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့်အစိုးရအဖွဲ့ဥက္ကဋ္ဌ မစ္စတာ အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ မစ္စတာ အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အူလန်အူဒဲမြို့၊ ၄-၄-၂၀၂၆

သို့
အဆွေတော် မစ္စတာမင်းအောင်လှိုင်
သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

လေးစားအပ်ပါသောသမ္မတကြီးခင်ဗျား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် အဆွေတော်ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဘူရားတီးရားပြည်နယ်အစိုးရအဖွဲ့နှင့်အတူ မိမိအနေဖြင့် လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော်၏ ထူးချွန်ပြောင်မြောက်သော စီမံခန့်ခွဲမှုစွမ်းရည်၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏အကျိုးစီးပွား၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ကိုယ်ကျိုးမဖက်ဘဲ ကြိုးပမ်းအားထုတ်မှုများအပြင် ဗုဒ္ဓဘာသာနှင့်အခြားသောဘာသာတရားထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ချက်များသည် မြန်မာပြည်သူလူထု၏မြင့်မားသောယုံကြည်ကိုးစားမှုနှင့် ထောက်ခံမှုကို ရရှိစေခဲ့ခြင်းဖြစ်သည်ဟု မိမိအနေဖြင့်အခိုင်အမာယုံကြည်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘူရားတီးရားပြည်နယ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့အကြား တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို မိမိတို့အနေဖြင့် အစဉ်တစိုက်တန်ဖိုးထားလျက်ရှိပါသည်။ နေပြည်တော်နှင့်အူလန်အူဒဲမြို့များ၌ ကျင်းပခဲ့သည့် မိမိတို့၏တွေ့ဆုံဆွေးနွေးပွဲများအရ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မိမိတို့အတွက်အထူးအရေးပါသော ကိစ္စရပ်ဖြစ်ပါသည်။ ဘူရားတီးရားပြည်နယ်တက္ကသိုလ်တွင် မြန်မာကျောင်းသားများပညာသင်ကြားနေခြင်းသည် မိမိတို့၏အောင်မြင်သော ပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသောပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် ကဏ္ဍစုံတွင် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများရှေ့ဆက်ပိုမိုခိုင်မာလာစေရန် မျှော်လင့်ပါသည်။

အဆွေတော်အနေဖြင့် နိုင်ငံတော်၏အမြင့်ဆုံးတာဝန်ကိုထမ်းဆောင်ရာတွင် ချမှတ်ထားသည့် ရည်မှန်းချက်များအားလုံးကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်စေရန်၊ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာခြင်းနှင့် ခွန်အားများ ပိုင်ဆိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့၏စုပေါင်းဆောင်ရွက်မှုများသည် ဘူရားတီးရားပြည်နယ်နှင့် မြန်မာနိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည်ဟု အပြည့်အဝယုံကြည်ပါသည်။

အဆွေတော်အားအစဉ်အမြဲလေးစားစွာဖြင့်။

**အေ.အက်စ်.စီဂျယ်နော့ဗ်**
**ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဂူစတာဗို ပေါရပ်စ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဂူစတာဗို ပေါရပ်စ်မှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

နီကာရာဂွါသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးမင်းအောင်လှိုင်အား ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြလိုပါသည်။

ညီရင်းအစ်ကိုပမာဖြစ်သော မြန်မာပြည်သူများ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြီးမားသောတာဝန်ဝတ္တရားများကို အောင်မြင်စွာထမ်းဆောင်နိုင်ပါစေကြောင်း အဆွေတော်အား ဒါရီယို (Dario) နှင့် ဆန်ဒီနို (Sandino) မြေမှ မိမိတို့ကဆုမွန်ကောင်းပို့သအပ်ပါသည်။

အခါအခွင့်ကြုံခိုက် နီကာရာဂွါသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်အနေဖြင့် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်နားလည်မှုတို့ကို ဆက်လက်ခိုင်မာအောင် ဆောင်ရွက်သွားမည့် ကတိကဝတ်ကိုအတည်ပြုပါသည်။ ထို့ပြင် အဆွေတော်အားအစဉ်ချစ်ကြည်လေးစားလျက်ရှိကြောင်း ထပ်လောင်းပြောကြားအပ်ပါသည်။

**ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်**
**မာနာဂွါမြို့၊ နီကာရာဂွါနိုင်ငံ**

**အမျိုးသားလွှတ်တော်**
**ဥက္ကဋ္ဌ**

# ဥပဒေနှင့်အညီပေါ်ထွန်းလာသော နိုင်ငံတော်သမ္မတနှင့် စစ်မှန်သော ပြည်သူ့ကိုယ်စားလှယ်တို့၏ဆန္ဒအမှန်

**ထူးမောင်**

ဧပြီလ ၃ ရက်မှာ ပြည်ပအခြေစိုက်သတင်းဌာနတစ်ခုဖြစ်တဲ့ CNA သတင်းဌာနက မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနဲ့ပတ်သက်ပြီး အရှိတရားကိုမျက်ကွယ်ပြုကာ “မြန်မာစစ်ခေါင်းဆောင် ဦးမင်းအောင်လှိုင်အား စစ်တပ်လိုလားသော လွှတ်တော်က သမ္မတအဖြစ် ရွေးချယ်တင်မြှောက်” (Myanmar junta chief Min Aung Hlaing elected president by pro-military parliament) ဆိုတဲ့ခေါင်းစဉ်နဲ့ “၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အရပ်သားအစိုးရထံမှ အာဏာသိမ်းယူခဲ့ကြောင်း၊ ၂၀၂၅ ရွေးကောက်ပွဲသည် အဓိကအတိုက်အခံ အင်အားစုများပါဝင်ခွင့်မရဘဲ ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ထိုရွေးကောက်ပွဲကို “တရားမျှတမှုမရှိသောပြပွဲ”အဖြစ် ဝေဖန်ရှုတ်ချလျက်ရှိကြောင်း၊ အင်အားကြီးမားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် စစ်တပ်မှခန့်အပ်ထားသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းကာ ဦးမင်းအောင်လှိုင်ကိုထောက်ခံခဲ့ကြတာကြောင့် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း” စသည်ဖြင့် မဟုတ်မမှန်ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

ဒါနဲ့ပတ်သက်ပြီး အများပြည်သူတွေ အမြင်မလွဲမှားစေဖို့ အနည်းငယ်ရှင်းပြချင်ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ NLD ပါတီဟာ နိုင်ငံတော်အာဏာကို မတရားတဲ့နည်းနဲ့ အတင်းအဓမ္မရယူဖို့အတွက် မဲ ၁၁ သန်းကျော်ခိုးခဲ့တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီလို မဲခိုးခဲ့တာကြောင့် တပ်မတော်ကနေ အများကြီးစဉ်းစားတွေးတောပြီး သဘောထားကြီးစွာဖြင့် မဲစာရင်းမှားယွင်းမှုတွေကို ပွင့်လင်းမြင်သာစွာ စစ်ဆေးပေးဖို့၊ စစ်ဆေးတဲ့အခါ အစိုးရ၊ တပ်မတော်ညှိနှိုင်းပြီး သမာသမတ်ကျတဲ့လူတွေပါတဲ့ ရွေးကောက်ပွဲကော်မရှင်အသစ်ဖွဲ့ပြီး စစ်ဆေးပေးဖို့၊ စစ်ဆေးနေချိန်ကာလအတွင်း တတိယအကြိမ် လွှတ်တော်ခေါ်ယူမှုကို သမ္မတရဲ့အခွင့်အာဏာနဲ့ဆိုင်းငံ့ပေးဖို့ စတဲ့အချက်တွေကို ဒေါ်စုနဲ့သွားတွေ့ပြီးပြောခဲ့တယ်။ ဒါတွေကို NLD အစိုးရဘက်က ဘာတစ်ခုမှ လိုက်လျောမှုမရှိခဲ့တဲ့အတွက် ဘယ်လိုမှညှိနှိုင်းလို့မရတော့တဲ့အခြေအနေမျိုးမှာ တပ်မတော်က နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ၍ အရေးပေါ်အခြေအနေနဲ့ ထိန်းသိမ်းခဲ့ရတာပဲဖြစ်ပါတယ်။

တပ်မတော်က နိုင်ငံတော်အာဏာကိုထိန်းခဲ့ပေမယ့်လည်း NLD ပါတီကို ဖျက်သိမ်းတာမျိုး မရှိခဲ့ပါဘူး။ နစကအစိုးရဖွဲ့စည်းပြီးချိန်မှာလည်း ပြည်သူတွေလိုလားတောင့်တနေတဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပနိုင်ဖို့ကိုလည်း နစကအစိုးရကနေ ပြန်လည်ဖွဲ့စည်းခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)က ပါတီစုံဒီမိုကရေစီစနစ်ကို ပုံဖော်လျှောက်လှမ်းတဲ့နေရာမှာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ နိုင်ငံရေးပါတီများအားလုံး ပါဝင်ကြဖို့ တရားဝင်ဖိတ်ခေါ်ခဲ့ပါတယ်။ ဒါ့အပြင် ရွေးကောက်ပွဲမကျင်းပခင် အကြိုကာလကတည်းက နိုင်ငံရေးပါတီတွေ အချိန်မီမှတ်ပုံတင်ကြဖို့၊ နိုင်ငံရေးပါတီတွေဆောင်ရန်၊ ရှောင်ရန်၊ လုပ်ဆောင်ရန်တွေကို လိုက်နာကြဖို့ အကြိမ်ကြိမ်ထုတ်ပြန်ကြေညာခဲ့တယ်။ ဒါကို NLD ပါတီကြီးက ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းမပြုဘဲ ပါတီမှတ်ပုံတင်ခွင့်ဥပဒေအရ မှတ်ပုံမတင်ခဲ့လို့၊ လုပ်သင့်လုပ်ထိုက်တာတွေမလုပ်ခဲ့လို့၊ သူတို့သဘောနဲ့သူတို့ ပါတီမှတ်ပုံမတင်ခဲ့တာကြောင့် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်မရတော့ဘဲ နိုင်ငံရေးလောကကနေ NLD ပါတီပျောက်ကွယ်သွားခဲ့ရတာဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် သူတို့ NLD ပါတီကိုယ်တိုင်က ပါတီကို ဖျက်ပစ်ခဲ့ကြတာပါ။

ပြီးတော့ ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ပြည်တွင်းမှာကျန်ခဲ့တဲ့ NLD ပါတီဝင်တွေဟာ NLD ပါတီကို ဥပဒေကြောင်းအရ ပြန်လည်မှတ်ပုံတင်တာပဲဖြစ်ဖြစ်၊ ပါတီကို တခြားနာမည်တစ်ခုခုနဲ့ မှတ်ပုံတင်တာပဲဖြစ်ဖြစ်လုပ်ဆောင်ပြီး ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာကျန်ခဲ့တဲ့ NLD ပါတီဝင်တွေဟာ တိုင်းသိပြည်သိဖြစ်ခဲ့တဲ့ NLD ပါတီရဲ့ မဲလိမ်မဲခိုးခဲ့မှုတွေကြောင့် သူတို့ကိုယ်သူတို့ အရှက်ရပြီး ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ပါတီကိုပြန်လည်မှတ်ပုံမတင်ခဲ့ကြလို့သာ ရွေးကောက်ပွဲဝင်ရောက်မယှဉ်ပြိုင်နိုင်ခဲ့တာပဲဖြစ်ပါတယ်။



Award-winning documentaries.
Extraordinary stories.
cna
WATCH NOW

Myanmar junta chief Min Aung Hlaing elected president by pro-military parliament

Myanmar junta chief Min Aung Hlaing was elected president on Friday (Apr 3) after breezing through a parliamentary vote, formalising his grip on political power in the war-torn nation five years after he ousted an elected government in a coup.

His carefully choreographed journey from top general to civilian president follows a lopsided election in December and January that was won in a landslide by an army-backed party and derided by critics and Western governments as a sham to perpetuate military rule behind a veneer of democracy.

❖ **ဗိုလ်ချုပ်မှူးကြီးရရှိခဲ့တဲ့ ထောက်ခံမဲ ၄၂၉ မဲဆိုတာ ပြည်သူ့လွှတ်တော်အတွင်းရှိ ပါတီစုံမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များရဲ့ စုပေါင်းယုံကြည်မှုကြောင့်ပင်ဖြစ် . . .**

❖ **နိုင်ငံတော်ကို အကျပ်အတည်းများကြားမှ တည်ငြိမ်အောင်ထိန်းကျောင်းနိုင်ခဲ့သော၊ အခက်ခဲဆုံးအချိန်များမှာ ဦးဆောင်လမ်းပြခဲ့သော၊ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်တစ်ဦးကို ကိုယ်စားလှယ်များက သူတို့ရဲ့လွတ်လပ်သောဆန္ဒဖြင့် မဲပေးရွေးချယ်တင်မြှောက်ခဲ့ကြခြင်းသာဖြစ် . . .**

တပ်မတော်က နိုင်ငံတော်အာဏာကိုထိန်းသိမ်းပြီးနောက် ပြည်သူတွေလိုလားတောင့်တနေတဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အပိုင်း(၃)ပိုင်းခွဲပြီး Myanmar Electronic Voting Machine–MEVM မဲပေးစက်များဖြင့် အပိုင်းလိုက် ကျင်းပခဲ့ပါတယ်။ ကျင်းပပြီးစီးခဲ့ပြီဖြစ်တဲ့ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ပိုင်းလုံးမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိတဲ့အနက် မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့ပြီး မဲပေးမှုရာခိုင်နှုန်းအနေဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ရှိခဲ့တယ်လို့သိရပါတယ်။ ဒီအရေအတွက်ဟာ အလွန်များပြားတဲ့ ပမာဏဖြစ်တာကြောင့် အောင်မြင်တဲ့ရွေးကောက်ပွဲလို့ ဆိုရမှာပဲဖြစ်ပါတယ်။ ဘယ်လိုပဲပြောပြော ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟာ ပြည်သူတွေရဲ့ဆန္ဒတွေနဲ့ တစ်ထပ်တည်းကျခဲ့တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ခဲ့သလို မဲဆန္ဒရှင်ပြည်သူတွေဟာလည်း စိတ်အားထက်သန်စွာ တက်တက်ကြွကြွနဲ့ သူတို့ကြိုက်တဲ့ပါတီ၊ သူတို့ကြိုက်တဲ့ကိုယ်စားလှယ်လောင်းတွေကို သူတို့ရဲ့ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ်ဆန္ဒမဲပေးခွင့်ရခဲ့ကြပါတယ်။

၂၀၂၅ ရွေးကောက်ပွဲဟာ Free , Fair and Clean Election လို့ခေါ်ဆိုနိုင်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲ၊ သန့်ရှင်းတဲ့ရွေးကောက်ပွဲဖြစ်တဲ့အပြင် မဲမသမာမှုကင်းမဲ့တဲ့ ရွေးကောက်ပွဲ၊ ပြည်သူတွေလိုလားတဲ့ ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်ဂုဏ်ယူနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ရွေးကောက်ပွဲအပိုင်း(၁) စတင်ကျင်းပခဲ့တဲ့နေ့ကနေ ရွေးကောက်ပွဲအပိုင်း(၃) ပြီးဆုံးသည်အထိ နိုင်ငံတကာမှ လာရောက်လေ့လာစောင့်ကြည့်ခဲ့ကြတဲ့ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့အသီးသီးတို့ကလည်း ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ကောင်းမွန်တဲ့သဘောထားမှတ်ချက်တွေပေးခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့တဲ့ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် H.E.Mr YICH Samethy က “စောင့်ကြည့်လေ့လာခဲ့တဲ့ကာလအတွင်းမှာ ဘယ်လိုမသမာမှုမျိုးမှ မတွေ့ရကြောင်းနဲ့ အခုကျင်းပတဲ့ရွေးကောက်ပွဲလုပ်ငန်းစဉ်ဟာ ပြီးပြည့်စုံပြီးတော့ အားလုံးတာဝန်ခံမှုရှိတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်ဆိုတာကို တွေ့ရှိခဲ့ရကြောင်း” မှတ်ချက်ပြုပြောကြားခဲ့ပါတယ်။

အလားတူ တရုတ်နိုင်ငံကလည်း ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာသူများစေလွှတ်ခဲ့ကြောင်း၊ အောင်မြင်ပြီးလွတ်လပ်တရားမျှတတဲ့ သန့်ရှင်းတဲ့ရွေးကောက်ပွဲဖြစ်ကြောင်း၊ ပြည်သူတွေ တက်တက်ကြွကြွလာရောက်မဲပေးကြကြောင်း၊ ရွေးကောက်ပွဲကိုထောက်ခံကြောင်း၊ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူကြောင်း ပြောကြားခဲ့ပါသေးတယ်။ ဒါ့အပြင် ရွေးကောက်ပွဲကို လာရောက်လေ့လာစောင့်ကြည့်ခဲ့တဲ့ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌကလည်း “ရွေးကောက်ပွဲမှာ ပြည်သူတွေက စိတ်အားထက်သန်စွာ ဆန္ဒမဲပေးကြပြီး နိုင်ငံရဲ့အနာဂတ်ကို ရွေးချယ်နေကြကြောင်း၊ MEVM မဲပေးစက်တွေဟာ မဲမသမာမှုပြုလုပ်၍မရကြောင်း၊ ရွေးကောက်ပွဲကို **စာမျက်နှာ ၇ သို့** ❍

❍ စာမျက်နှာ ၆ မှအဆက်

ပြည်သူတွေကယုံကြည်မှုရှိကြောင်း၊ မြန်မာနိုင်ငံက ပြည်သူတွေရွေးကောက်ပွဲအပေါ်မှာ ပြင်းပြတဲ့ဆန္ဒထားရှိမှုအပေါ် ဝမ်းသာဂုဏ်ယူကြောင်း”သဘောထားမှတ်ချက်ပေးခဲ့ပါသေးတယ်။ ၂၀၂၅ ရွေးကောက်ပွဲဟာ Free, Fair and Clean Election လို့ခေါ်ဆိုနိုင်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲ၊ သန့်ရှင်းတဲ့ရွေးကောက်ပွဲဖြစ်တဲ့အပြင် မဲမသမာမှုကင်းမဲ့တဲ့ရွေးကောက်ပွဲ၊ ပြည်သူတွေလိုလားတဲ့ ရွေးကောက်ပွဲဖြစ်ခဲ့တာကြောင့်သာ နိုင်ငံတကာရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခဲ့သူတွေက အခုလိုအားလုံးတစ်ပြေးညီ ကောင်းမွန်တဲ့မှတ်ချက်တွေ ပေးခဲ့ကြတာဖြစ်ပါတယ်။

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးချိန် လွှတ်တော်ခေါ်ပြီး သမ္မတရွေးချယ်တဲ့အခါမှာလည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတကိုရွေးချယ်ရာမှာပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့သုံးခုမှ သမ္မတလောင်းများကို အသီးသီးအဆိုပြုတင်မြှောက်ရွေးချယ်ခဲ့ကြခြင်းဖြစ်ပါတယ်။ ပြည်ပသတင်းဌာနတစ်ခုဖြစ်တဲ့ CNA စွပ်စွဲသကဲ့သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းကာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို မဲအပြတ်အသတ်ပေးခဲ့ခြင်းမဟုတ်ကြောင်း မဲရလဒ်များကိုကြည့်လျှင် သိသာလှပါတယ်။

ဧပြီလ ၃ ရက် မနက်ပိုင်းကကျင်းပခဲ့တဲ့ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲကို လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၅၈၆ ဦးရှိတဲ့အနက် ၅၈၄ ဦး တက်ရောက်ခဲ့ကြပြီး လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ခဲ့ကြပါတယ်။ အဲဒီလိုရွေးချယ်ခဲ့ရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ထောက်ခံဆန္ဒမဲ ၄၂၉ မဲ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဦးညိုစောကို ထောက်ခံဆန္ဒမဲ ၁၂၆ မဲ၊ ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဒေါ်နန်းနီနီအေးကို ထောက်ခံမဲ ၂၉ မဲဖြင့် အသီးသီးရွေးချယ်ခဲ့ကြပြီး ထောက်ခံမဲအများဆုံးရရှိခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရတာဖြစ်ပါတယ်။

ဗိုလ်ချုပ်မှူးကြီးရရှိခဲ့တဲ့ ထောက်ခံမဲ ၄၂၉ မဲဆိုတာ ပြည်သူ့လွှတ်တော်အတွင်းရှိ ပါတီစုံမှကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များရဲ့ စုပေါင်းယုံကြည်မှုကြောင့်ပင်ဖြစ်ပါတယ်။ နိုင်ငံတော်ကို အကျပ်အတည်းများကြားမှ တည်ငြိမ်အောင် ထိန်းကျောင်းနိုင်ခဲ့သော၊ အခက်ခဲဆုံးအချိန်များမှာ ဦးဆောင်လမ်းပြခဲ့သော၊ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှာ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်တစ်ဦးကို ကိုယ်စားလှယ်များက သူတို့ရဲ့လွတ်လပ်သောဆန္ဒဖြင့် မဲပေးရွေးချယ်တင်မြှောက်ခဲ့ကြခြင်းသာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရတဲ့အပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ စတဲ့အိမ်နီးချင်းနိုင်ငံများနဲ့ မိတ်ဆွေနိုင်ငံများမှ ခေါင်းဆောင်များကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသလို ပြည်တွင်းရှိအသင်း/အဖွဲ့အစည်းပေါင်းစုံနဲ့နိုင်ငံရေးပါတီများကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာများပေးပို့လျက်ရှိကြပါတယ်။

ပြောရမယ်ဆိုရင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရခြင်းသည် ဥပဒေကြောင်းအရ ခိုင်မာသလို၊ ပြည်သူ့ကိုယ်စားလှယ်များရဲ့ စုပေါင်းဆန္ဒလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် CNA ကဲ့သို့သော ပြည်ပသတင်းဌာနတစ်ခုရဲ့ စွပ်စွဲရေးသားဖော်ပြချက်များသည် အထောက်အထားမဲ့မှန်ကန်မှုမရှိဘဲ လုံးဝ(လုံးဝ) မှားယွင်းနေကြောင်း ရေးသားဖော်ပြလိုက်ပါတယ်။ ။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေမြို့၌ ဌာနဆိုင်ရာမိသားစုများစုပေါင်းကာ ရှင်သာမဏေ (၁၀၈)ပါး ရှင်ပြုအလှူမင်္ဂလာပွဲ ကျင်းပပြုလုပ်



ဆရာတော်ထံ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်း သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေမြို့၌ ဌာနဆိုင်ရာမိသားစုများ စုပေါင်းကာ ရှင်သာမဏေ (၁၀၈)ပါး ရှင်ပြုအလှူမင်္ဂလာပွဲ ကျင်းပစဉ်။

**နေပြည်တော် ဧပြီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေမြို့၌ ဌာနဆိုင်ရာမိသားစုများစုပေါင်းကာ ရှင်သာမဏေ(၁၀၈)ပါး ရှင်ပြုအလှူမင်္ဂလာပွဲအား ယနေ့နံနက်ပိုင်းတွင် လွိုင်မွေမြို့၊ စတုရဋ္ဌသုမင်္ဂလစေတီတော်ရင်ပြင်၌ ကျင်းပပြုလုပ်ရာ သီလဓမ္မကုန်းသာတောရကျောင်းတိုက်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သီရိပျံချီဘဒ္ဒန္တကောဝိဒ (ဝစီပိတ်ဆရာတော်)အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာမိသားစုများ၊ အလှူရှင်၊ စေတနာရှင်များတက်ရောက်ကြည်ညိုခဲ့ကြသည်။

ဦးစွာ ရှင်ပြုအလှူမင်္ဂလာအဝင်နေ့ရက်ဖြစ်သည့် ဧပြီလ ၄ ရက် မွန်းလွဲပိုင်းတွင် လွိုင်မွေမြို့၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ ဦးဆောင်ကာ လွိုင်မွေဒေသနှင့်ကျိုင်းတုံမြို့နယ် တောင်ပေါ်ကျေးရွာအုပ်စု (၅)စုမှ ဗုဒ္ဓဘာသာဝင် အာခါနှင့်လားဟူတိုင်းရင်းသား ကလေးငယ်ရှင်အပါး (၁၀၈)ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင်(၁၀)ပါးတို့အား ရှင်လောင်းလှည့်လည်ကြပြီး ဆံချမင်္ဂလာနှင့်သင်္ကန်းဝတ်ခြင်း(ပဗ္ဗဇ္ဇမင်္ဂလာ)ကို အစီအစဉ်အတိုင်းဆောင်ရွက်ကာ ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် သာသနာ့အမွေ ခံယူစေသည်။

ထို့နောက် ရှင်ပြုအလှူရေစက်ချတရားတော်နာယူခြင်း အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တက်ရောက်လာကြသူများက “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ကြပြီး တိုင်းမှူးနှင့်ဧည့်ပရိသတ်များက သံသရာအေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များအား နာယူကြည်ညိုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် အလှူရှင်၊ စေတနာရှင်များက သံဃာတော်များထံ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှင်ပြုအလှူပွဲဖြစ်မြောက်ရေး ဦးဆောင်ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လက ကျေးဇူးတင်ဝမ်းမြောက်စကား မိန့်ကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သာသနဝေပုလ္လကျောင်းတိုက်ပဓာနနာယကဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယထံမှ အနုမောဒနာနှင့် ရေစက်ချတရားနာယူကြပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၄-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၆၂၅ | ၄၇၄၀ | ၄၇၀၅ | ၄၆၄၀ | ၄၇၄၅ | ၄၇၆၀ | ၄၇၇၅ | ၄၆၉၅ | ၄၅၀၅ | ၄၉၉၀ | ၄၇၁၅ | ၅၀၃၀ | ၄၇၈၅ | ၄၇၅၀ | ၄၇၇၀ | ၅၀၃၀ |
| 95 Ron | ၄၇၈၀ | ၄၈၉၀ | ၄၈၆၀ | ၄၇၉၅ | ၄၉၀၀ | ၄၉၁၅ | ၄၉၃၀ | ၄၈၅၀ | ၄၅၆၀ | ၅၁၄၅ | ၄၈၆၅ | ၅၃၃၅ | ၄၉၄၀ | ၄၉၀၅ | ၄၉၂၅ | ၅၁၈၀ |
| HSD (500 ppm) | ၅၆၈၀ | ၅၇၉၀ | ၅၇၅၅ | ၅၆၉၅ | ၅၇၉၅ | ၅၈၁၀ | ၅၈၂၅ | ၅၇၄၅ | - | ၆၀၂၅ | ၅၇၆၅ | ၆၅၉၀ | ၅၈၃၀ | ၅၈၀၀ | ၅၈၂၀ | ၆၀၆၅ |
| HSD (50 ppm) | ၆၈၀၅ | ၆၉၂၀ | ၆၈၈၅ | ၆၈၂၀ | ၆၉၂၅ | ၆၉၄၀ | ၆၉၆၀ | ၆၈၈၀ | ၄၈၃၀ | ၇၁၇၀ | ၆၈၉၅ | ၇၁၇၅ | ၆၉၆၅ | ၆၉၃၀ | ၆၉၅၅ | ၇၂၁၀ |
| HSD (10 ppm) | ၆၈၀၅ | ၆၉၂၀ | ၆၈၈၅ | ၆၈၂၀ | ၆၉၂၅ | ၆၉၄၀ | ၆၉၆၀ | ၆၈၈၀ | - | ၇၁၇၀ | ၆၈၉၅ | ၇၁၇၅ | ၆၉၆၅ | ၆၉၃၀ | ၆၉၅၅ | ၇၂၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၀၁ | ၄၅၂၃ |
| 95 Ron | ၄၅၅၀ | ၄၆၇၅ |
| HSD (500 ppm) | ၅၄၃၉ | ၅၅၇၇ |
| HSD (50 ppm) | ၆၅၁၅ | ၆၆၇၅ |
| HSD (10 ppm) | ၆၅၁၅ | ၆၆၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့်သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဂေါ်ဖီထုပ်စားခြင်း၏ ကျန်းမာရေးကောင်းကျိုးများ

ဒေါက်တာလပြည့်ခင်

ဂေါ်ဖီထုပ်ကို တချို့က မုန်လာထုပ်ဟုခေါ်ကြပြီး အသုပ်များတွင် ထည့်စားကြသကဲ့သို့ ကြော်စားခြင်း၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်များတွင် ထည့်ကြော်ခြင်း၊ ချက်စားခြင်းတို့ ပြုလုပ်ကြသည်။ ဂေါ်ဖီထုပ်သည် ပဒေသာဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ဘရိုကိုလီခေါ် ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန်၊ မုန်ညင်း၊ စမုန်တို့နှင့် မျိုးရင်းတူ Cruciferous အပင်မျိုးရင်းတွင် ပါဝင်သည်။

### အောက်ဆီဂျင်အပြည့်အဝရရှိစေသောဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်ကိုစားသုံးခြင်းဖြင့် လူ့ခန္ဓာကိုယ်အတွက်လိုအပ်သော အောက်ဆီဂျင်ကို အပြည့်အဝရရှိနိုင်သောကြောင့် ကိုဗစ်-၁၉ ရောဂါကို ဖြစ်စေသည့် ကိုရိုနာဗိုင်းရပ်စ်ပိုးကို ခုခံနိုင်စွမ်းရှိသည်။

### ကိုယ်အလေးချိန်ကျစေနိုင်သောဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်တွင် ကယ်လိုရီပါဝင်မှုနည်းသောကြောင့် ကိုယ်အလေးချိန်ကျလိုသူများ စားသုံးရန် အထူးကောင်းမွန်သော အစားအစာဖြစ်သည်။ ဂေါ်ဖီထုပ်တွင်ပါဝင်သော ခန္ဓာကိုယ်၏အစာခြေစနစ်အတွက် အလွန်အရေးပါသည့်အမျှင်ဓာတ်က အဆာခံနိုင်စေရန် အားဖြည့်ပေးပြီး မကြာခဏ အစာမစားမိရန် ထိန်းချုပ်ပေးသောကြောင့် အဝမလွန်အောင် ကာကွယ်ပေးသည်။ ကိုယ်အလေးချိန်ကျလိုသူများအနေဖြင့်လည်း ဂေါ်ဖီထုပ်ကို မကြာခဏစားသုံးပေးခြင်းဖြင့် ကိုယ်အလေးချိန်ကျစေနိုင်သည်။

### အစာခြေစနစ်ကိုကောင်းမွန်စေသောဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်တွင် အစာခြေစနစ်ကိုအားဖြည့်ပေးသည့် ရေဓာတ်နှင့် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် အူများကို လှုပ်ရှားမှုကောင်းစေပြီး အူနံ့ရံများက အာဟာရဓာတ်ပြည့်ပြည့်ဝဝစုပ်ယူစေနိုင်သကဲ့သို့ လူတချို့တွင်ဖြစ်တတ်သော ဝမ်းချုပ်ခြင်းမှ ကင်းဝေးစေကာ ဝမ်းမှန်စေသည်။ ခန္ဓာကိုယ်တွင်းမှ အဆိပ်အတောက်ဖြစ်စေသည့်အရာများအား ပြင်ပသို့ ဝမ်းအနေဖြင့် စွန့်ထုတ်ပေးသည်။ ဂေါ်ဖီထုပ်သည် အစာအိမ်အနာကိုသက်သာစေနိုင်သည့် သဘာဝဆေးတစ်မျိုးလည်းဖြစ်သည်။ အစာအိမ်တွင်ဖြစ်ပေါ်သည့်အနာများကိုကျက်စေပြီး အစာအိမ်ရောဂါဖြစ်ပွားခြင်းကိုလည်း လျော့နည်းစေသည်။ ဂေါ်ဖီထုပ်တွင် ပရိုတင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များစွာပါဝင်သောကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းဝေဒနာကို သက်သာစေသည့်အပြင် အမိုင်နိုအက်စစ်နှင့် ဂလူတမင်းဓာတ်တို့ပါဝင်ခြင်းကြောင့် အူကိုကျန်းမာစေပြီး ခန္ဓာကိုယ်တွင်းမှ ဗက်တီးရီးယားထုတ်လွှတ်မှုကို မျှတအောင်ကူညီပေးသည်။ ဂေါ်ဖီထုပ်သည် ခန္ဓာကိုယ်တွင်းနေရာအများစုမှ အညစ်အကြေးများကို သန့်ရှင်းစေပြီး ခန္ဓာကိုယ်တွင်းမှ ဗိုင်းရပ်စ်များကို နှိမ်နင်းပေးသည့် ပိုးသတ်ဆေးတစ်မျိုးလည်းဖြစ်သည်။

### အူလမ်းကြောင်းကိုကောင်းကျိုးပြုသောဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်သည် အူလမ်းကြောင်းကို ကောင်းကျိုးပြုသည့်အစာလည်းဖြစ်သည်။ အင်္ဂလန်နိုင်ငံရှိ သုတေသနအဖွဲ့က ဂေါ်ဖီနွယ်ဝင်ဟင်းသီးဟင်းရွက်များ လူ့အစာအိမ်ထဲ ရောက်ရှိသွားပြီးနောက် အူနံ့ရံကို မည်ကဲ့သို့ပြောင်းလဲပေးနိုင်ကြောင်း အဓိကသုတေသနပြုလုပ်ခဲ့ရာ အစာကြေညက်သွားချိန်တွင် Indole-3 Carbinol ဟုခေါ်သည့် ကင်ဆာဆန့်ကျင်ဓာတုပစ္စည်းများ ထုတ်လုပ်ပေးနေသည်ကို သက်သေပြလိုက်နိုင်ကြောင်းဖော်ပြထားသည်။ Indole-3-Carbinol ဓာတ်သည် ကင်ဆာရောဂါ၊ အထူးသဖြင့် ရင်သားကင်ဆာနှင့်အူမကြီးကင်ဆာကို ကာကွယ်ပေးနိုင်သည့် အစွမ်းထက်ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်သည်။ ထို့ပြင် ၎င်းဓာတ်သည် အူလမ်းကြောင်းကျန်းမာရေးကို ထိန်းသိမ်းပေးပြီး ပင်မကလာပ်စည်း (Stem Cells) လုပ်ငန်းဆောင်ရွက်မှုကို ပြုပြင်ပြောင်းလဲပေးကာ အဆိပ်အတောက်ပြေစေသည်။ ထိုဂုဏ်သတ္တိများကြောင့် ဟင်းချက်သည့်အခါ Indole-3-Carbinol ဓာတ်ကို မပျက်စီးစေရေး အကျက်လွန်အောင်မချက်ရန်၊ မကြော်ရန်လိုသည်။

### ကင်ဆာကိုကာကွယ်ပေးသောဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်တွင် Free Radical များကို လျှော့ချပေးပြီး ကင်ဆာရောဂါကိုသက်သာစေသော သဘာဝဓာတ်တိုးဆန့်ကျင်အာနိသင်များ (Anti-oxidants) လည်း ပါဝင်နေသည်။ ဂေါ်ဖီထုပ်တွင် Lupeol၊ Sinigrin၊ Dindolylmethane (DIM)၊ Indole-3- Carbinol၊ Sulforaphane တို့ကဲ့သို့ ကင်ဆာတိုက်ဖျက်ပေးနိုင်သည့် အာနိသင်များရှိသည်။ ထိုဓာတ်များက ခန္ဓာကိုယ်၏ ကိုယ်ခံအားအင်ဇိုင်းများဖြစ်ပေါ်လာစေရန် လှုံ့ဆော်ပေးသည့်အပြင် ကင်ဆာကျိတ်များ ကြီးထွားမလာစေရန် ဟန့်တားပေးပြီး ရင်သားကင်ဆာဖြစ်နိုင်ခြေကိုလည်း သိသာစွာလျော့ကျစေနိုင်သည်။ ဂေါ်ဖီထုပ်တွင်ပါဝင်နေသောဓာတ်များက အရေပြားကင်ဆာ၊ အစာရေမြို ကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ ရင်သားကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ အသည်းကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုကို လျော့ကျစေနိုင်သည်ဟုဆိုထားသည်။ ဂေါ်ဖီထုပ်သည် ကင်ဆာရောဂါကြောင့် ဓာတ်ရောင်ခြည်ကုသမှုခံယူနေရသူများ ဓာတ်ရောင်ခြည်ကုထုံးကြောင့်ဖြစ်သည့် နုံးပြီးအားမရှိသကဲ့သို့ဖြစ်ခြင်း၊ ရင်ပူခြင်း၊ အရေပြားယားယံခြင်း၊ အရေပြားခြောက်သွေ့ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အရည်ကြည်ဖုထွက်ခြင်း စသည့်ဘေးထွက်ဆိုးကျိုးများဖြစ်ခြင်းကို လျော့နည်းစေနိုင်သည်ဟု သိရှိရသည်။ ကင်ဆာမဖြစ်အောင် ကာကွယ်ပေးသကဲ့သို့ နာကျင်ရောင်ရမ်းမှုကို သက်သာစေနိုင်သောကြောင့် နှလုံးသွေးကြောများကို ကျန်းမာစေပြီး နှလုံးကို သွေးစီးဆင်းမှုကောင်းမွန်စေသည်။

"ဂေါ်ဖီထုပ်သည် အသားအရေကောင်းမွန်မှုကို ပေးစွမ်းနိုင်ပြီး အသားအရေကို စိုပြည်ကြည်လင်စေသည်။ အိုမင်းရင့်ရော်မှုကိုကာကွယ်ပေးသည့် ဒြပ်ပေါင်းများစွာပါဝင်ပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ဗီတာမင်-C များစွာပါဝင်ခြင်းကြောင့် အရေးအကြောင်းများမဖြစ်အောင် ကာကွယ်ပေးသည်။ အသားအရောင်မညီခြင်းကိုသက်သာစေကာ အရေပြားကို ကြည်လင်တောက်ပစေပြီး အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးသည်။ ဂေါ်ဖီထုပ်တွင်ပါဝင်သော အမိုင်နိုအက်စစ်သည် အရောင်ကျစေပြီး အရေပြားရောင်ရမ်းခြင်းကို သက်သာစေနိုင်သည်။ အရေပြားဆဲလ်များထိခိုက်မှုမဖြစ်အောင် ပြန်လည်ပြုပြင်ပေးနိုင်ပြီး အရွယ်တင်နုပျိုစေသည် . . ."

### အစာအိမ်အနာကိုသက်သာစေသောဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်တွင် ဂလူတမင်းဓာတ် ကြွယ်ဝစွာပါဝင်သောကြောင့် အစာအိမ်အနာကို သက်သာစေနိုင်သည်။ ဂေါ်ဖီထုပ်အရည်သည် အစာအိမ်အနာများကိုလည်း ထိရောက်စွာကုသပေးနိုင်စွမ်းရှိသည့် သဘာဝဆေးတစ်မျိုးဟုဆိုနိုင်သည်။ ဂေါ်ဖီထုပ်တွင် ဆာလ်ဖာနှင့် သက်စောင့်ဓာတ်ဗီတာမင်-C များစွာပါဝင်၍ အစာအိမ်ပြွန်ရောင်ခြင်းကို သက်သာစေသည်။

### ရောင်ရမ်းမှုကိုသက်သာစေသောဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်တွင် အမိုင်နိုအက်စစ်ကြွယ်ဝစွာပါဝင်နေသောကြောင့် ခန္ဓာကိုယ်နာကျင်ရောင်ရမ်းမှုများကို လျော့ပါးသက်သာစေနိုင်သည့်အပြင် အကောင်းဆုံးကာကွယ်ပေးနိုင်သည်။ အဆစ်အမျက်ရောင်ရမ်းခြင်း၊ အဆစ်အမျက်နာကျင်ကိုက်ခဲခြင်း၊ ဓာတ်မတည့်ခြင်းလက္ခဏာများကို သက်သာစေနိုင်သည့်အပြင် အူလမ်းကြောင်းဆိုင်ရာရောင်ရမ်းခြင်းများကိုလည်း ကူညီပေးနိုင်သည်။

### ဆံသားကိုကျန်းမာစေသောဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်စားသုံးခြင်းဖြင့် ဆံပင်ကျွတ်ခြင်းနှင့် ဆံသားခြောက်သွေ့ခြင်းကိုကာကွယ်ပေးပြီး ဆံသားကိုလည်း ကျန်းမာသန်စွမ်းစေသည်။

### နှလုံးကျန်းမာစေသောဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်သည် နှလုံးသွေးကြောများကို ကျန်းမာစေပြီး နှလုံးကို သွေးစီးဆင်းမှုကောင်းမွန်စေသောကြောင့် နှလုံးသွေးကြောကျဉ်းခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများမဖြစ်အောင် ကာကွယ်ပေးသည်။ နှလုံးကိုကျန်းမာစေပြီး ရုတ်တရက်နှလုံးရပ်ခြင်းနှင့် နှလုံးရောဂါဖြစ်ပွားခြင်းမှလည်း ကာကွယ်ပေးသည်။



### ကိုယ်ခံအားစနစ်ကိုတိုးမြှင့်ပေးသောဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်တွင် ဗီတာမင်-C ကြွယ်ဝစွာပါဝင်သောကြောင့် မကြာခဏစားပေးခြင်းဖြင့် ကိုယ်ခံအားစနစ်ကို တိုးတက်ကောင်းမွန်စေပြီး အအေးမိလွယ်ခြင်း၊ နှာစေး၊ ချောင်းဆိုးခြင်းမဖြစ်အောင် ကာကွယ်ပေးနိုင်ကာ ခန္ဓာကိုယ်ကိုကျန်းမာစေသည်။ ခန္ဓာကိုယ်ကိုထိခိုက်စေနိုင်သည့် Free Radical များကို တိုက်ထုတ်နိုင်အောင်လည်း ကူညီပေးသည်။

### အတွင်းတိမ်ဖြစ်ခြင်းကို ကာကွယ်ပေးသောဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်တွင် ဘီတာကယ်ရိုတင်းကြွယ်ဝစွာပါဝင်မှုကြောင့် မျက်စိကိုအားကောင်းစေပြီး မျက်စိတွင်ရှိသည့်ဆဲလ်များကို ကျန်းမာစေသည်။ ဂေါ်ဖီထုပ်ကို မကြာခဏစားသုံးပေးခြင်းဖြင့် အသက်အရွယ်ကြီးလာသည့်အခါ ဖြစ်တတ်သည့် အမြင်အာရုံချို့ယွင်းခြင်း၊ မျက်စိတိမ်စွဲခြင်းနှင့် မျက်စိအတွင်းတိမ်ဖြစ်ခြင်းများကို ကာကွယ်ပေးသည်။

### သွေးတိုးကျစေသောဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်သည် ပိုတက်ဆီယမ်ကြွယ်ဝစွာပါဝင်သောကြောင့် သွေးပေါင်ချိန်ကို အကောင်းဆုံးထိန်းညှိပေးပြီး သွေးမတိုးစေရန် ကာကွယ်ပေးသကဲ့သို့ သွေးကြောများထဲတွင် သွေးစီးဆင်းမှုကောင်းစေရန်လည်း အကောင်းဆုံးအားဖြည့်ပေးသည်။

### အိုမင်းရင့်ရော်မှုကိုနှေးကွေးစေသောဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်သည် အသားအရေကောင်းမွန်မှုကိုပေးစွမ်းနိုင်ပြီး အသားအရေကို စိုပြည်ကြည်လင်စေသည်။ အိုမင်းရင့်ရော်မှုကို ကာကွယ်ပေးသည့် ဒြပ်ပေါင်းများစွာပါဝင်ပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ဗီတာမင်-C များစွာပါဝင်ခြင်းကြောင့် အရေးအကြောင်းများမဖြစ်အောင် ကာကွယ်ပေးသည်။ အသားအရောင်မညီခြင်းကို သက်သာစေကာ အရေပြားကို ကြည်လင်တောက်ပစေပြီး အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးသည်။ ဂေါ်ဖီထုပ်တွင်ပါဝင်သော အမိုင်နိုအက်စစ်သည် အရောင်ကျစေပြီး အရေပြားရောင်ရမ်းခြင်းကို သက်သာစေနိုင်သည်။ အရေပြားဆဲလ်များထိခိုက်မှုမဖြစ်အောင် ပြန်လည်ပြုပြင်ပေးနိုင်ပြီး အရွယ်တင်နုပျိုစေသည်။

### သတိပြုရန်

ဂေါ်ဖီထုပ်ကိုအစိမ်းစားမည်ဆိုပါက ရေစင်အောင် သေချာဆေးကြောရန်လိုအပ်သည်။ ကြော်ခြင်းနှင့် ချက်ပြုတ်စားသောက်သည့်အခါ မီးပြင်းပြင်းဖြင့် အချိန်ကြာကြာချက်ပြုတ်ခြင်းကို ရှောင်ကြဉ်သင့်သည်။ မီးပြင်းပြင်းဖြင့် အချိန်ကြာကြာချက်ပြုတ်သည့်အခါ ဂေါ်ဖီထုပ်တွင် ပါဝင်သည့်အာဟာရဓာတ်များ လျော့နည်းသွားနိုင်သည်။

အချုပ်အားဖြင့်ဆိုသော် ဂေါ်ဖီထုပ်သည် ကိုယ်ခံအားကောင်းခြင်း၊ နှလုံးသွေးကြောများကိုကောင်းမွန်စေခြင်း၊ ကင်ဆာရောဂါကိုကာကွယ်ပေးခြင်း၊ အရိုးကျန်းမာရေးကိုအထောက်အကူပြုခြင်း၊ အစာခြေစနစ်ကို ကောင်းမွန်စေခြင်း၊ သွေးတိုးကျစေခြင်း၊ အဝလွန်ခြင်းမှ ကာကွယ်ပေးခြင်း၊ ကိုယ်အလေးချိန်လျော့ကျစေခြင်း၊ မျက်စိအတွင်းတိမ်ဖြစ်ခြင်းကို ကာကွယ်ပေးခြင်း၊ ရောင်ရမ်းမှုကိုသက်သာစေခြင်း၊ ဆံသားကိုကျန်းမာစေခြင်း၊ ကိုလက်စထရောကိုလျှော့ချပေးခြင်း၊ ဦးနှောက်လုပ်ဆောင်ချက်ကိုကောင်းမွန်စေခြင်း၊ အိုမင်းရင့်ရော်မှုကို ကာကွယ်ပေးခြင်း စသည့် ကျန်းမာရေးကောင်းကျိုးများစွာကို အထောက်အကူပြုသည့်အတွက် ဂေါ်ဖီထုပ်ကို စားသုံးပေးသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းများ

မြင့်မြင့်ထွန်း(စိုက်ပျိုးရေးဦးစီးဌာန)


မြေသြဇာဆိုသည်မှာ သစ်သီးဝလံ၊ ပန်းမန်၊ သီးနှံနှင့် အပင်များရှင်သန်ကြီးထွားရေးအတွက် မြေဆီလွှာတွင် ဓာတုဆိုင်ရာပြောင်းလဲမှုဖြစ်စေရန်နှင့် အပင်အာဟာရဓာတ်များကို အခြားနည်းလမ်းတစ်ခုခုဖြင့် ထောက်ပံ့ပေးနိုင်သောပစ္စည်းများကိုခေါ်ဆိုသည်။ စိုက်ပျိုးရေးပညာရှင်များနှင့် မြေဆီလွှာသိပ္ပံပညာရှင်များက မြေသြဇာအမျိုးအစားများအား (က) ဓာတ်မြေသြဇာ(ခ)သဘာဝမြေသြဇာ (ဂ)ဇီဝမြေသြဇာများဟူ၍ သုံးမျိုးခွဲခြားထားသည်။

ဓာတ်မြေသြဇာဆိုသည်မှာ သဘာဝအရပြုလုပ်ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ ဓာတုပစ္စည်းများဖြင့် ပြုပြင်စီမံထားသည့် မြေသြဇာများကိုခေါ်ဆိုသည်။ မြန်မာနိုင်ငံတွင် တောင်သူအသုံးများသည့် ဓာတ်မြေသြဇာများမှာ အပင်ပိုင်းဆိုင်ရာကြီးထွားမှုကိုအားပေးသည့် နိုက်ထရိုဂျင်ဓာတ် ၄၆ ရာခိုင်နှုန်းပါဝင်သော ယူရီးယားဓာတ်မြေသြဇာ၊ အမြစ်များကြီးထွားမှုနှင့် ပန်းပွင့်ချိန်ကို လှုံ့ဆော်အားပေးသော ဖော့စဖိတ်ဓာတ် ၄၆ ရာခိုင်နှုန်းပါဝင်သော တီစူပါ(Triple Super Phosphate)ဓာတ်မြေသြဇာ၊ ရေနှင့်အာဟာရဓာတ်များပို့ဆောင်ပေးခြင်း၊ အပင်၏ဇီဝကမ္မဖြစ်စဉ်များဆောင်ရွက်ရာတွင် အဓိကလိုအပ်သည့် ပိုတက်စီယမ်ဓာတ် ၆၀ ရာခိုင်နှုန်းပါဝင်သောပိုတက်ဓာတ်မြေသြဇာ၊ နိုက်ထရိုဂျင်ဓာတ်၊ ဖော့စဖိတ်ဓာတ်နှင့် ပိုတက်စီယမ်ဓာတ်အာဟာရဓာတ် သုံးမျိုးပါဝင်သော ကွန်ပေါင်းဓာတ်မြေသြဇာအချိုးအမျိုးမျိုးနှင့် ရွက်ဖျန်းဓာတ်မြေသြဇာတို့ဖြစ်သည်။

ဇီဝမြေသြဇာဆိုသည်မှာ အပင်များရှင်သန်ကြီးထွားရေးအတွက် အကျိုးပြုသက်ရှိများဖြစ်သည့် ဗက်တီးရီးယား၊ မှိုစသည်တို့ဖြင့်ပွားများထုတ်လုပ်သည့် မြေသြဇာများကိုခေါ်ဆိုသည်။ ဇီဝမြေသြဇာအမျိုးအစားများမှာ ရိုင်ဇိုဘီယမ်၊ စိမ်းပြာရေညှိ၊ အဇိုလာ၊ ထရိုင်ကိုဒါးမား၊ အီးအမ်၊ ဒိုချက်ကင်နှင့် မိုင်ကိုရိုက်ဇာတို့ဖြစ်သည်။

သဘာဝမြေသြဇာဆိုသည်မှာ သက်ရှိသတ္တဝါနှင့်အပင်တို့၏ ရုပ်ကြွင်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများ၊ အဏုဇီဝပိုးများ၏အကူအညီဖြင့် ဆွေးမြည့်စေပြီး အပင်များမှ အသင့်စားသုံးနိုင်သည့် အာဟာရဓာတ်များရရှိစေရေးအတွက် ပြုပြင်စီမံ၍ရရှိလာသော ပစ္စည်းများကို ခေါ်ဆိုခြင်းဖြစ်သည်။ သဘာဝမြေသြဇာများမှာ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ (နွားချေး၊ ကြက်ချေး၊ ဆိတ်ချေး)နှင့်လယ်ယာစွန့်ပစ်ပစ္စည်းများ (ကောက်ရိုး၊ ပဲဖတ်၊ နှမ်းဖတ်)များကို ဆွေးမြည့်စေပြီး သဘာဝမြေသြဇာပြုလုပ်ခြင်း၊ မြေဆွေး၊ တီကျစ်စာ၊ သစ်ဆွေးမြေ၊ အရိုးမှုန့်၊ အီးအမ်မြေဆွေး၊ သစ်စိမ်းမြေသြဇာ၊ ဒိုချက်ကင်၊ ငါးအမိုင်နိုအက်စစ်နှင့် ကြံမြှုပ်ချေးတို့ဖြစ်သည်။

သဘာဝမြေသြဇာများသည် ဓာတ်မြေသြဇာများလောက် အာဟာရဓာတ်ပါဝင်မှုမများသော်လည်း မြေဆီလွှာထက်သန်ကောင်းမွန်ရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်သည်။ မြေဆီလွှာ၏ရုပ်ပိုင်းဆိုင်ရာဂုဏ်သတ္တိများ




ဖြစ်သည့် မြေသားဖွဲ့စည်းမှုကောင်းစေခြင်း၊ လေဝင်လေထွက်ကောင်းစေခြင်း၊ ရေထိန်းစွမ်းအားကောင်းစေခြင်း၊ အပင်အာဟာရဓာတ်စုပ်ယူနိုင်မှုကောင်းစေခြင်းနှင့်မြေဆီလွှာအစိုဓာတ်ကိုထိန်းသိမ်းပေးခြင်း၊ စေးသောမြေကိုဖွယ်စေ၍ဖွယ်သောမြေကိုစေးစေခြင်းနှင့် မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိနှင့်ဓာတုဂုဏ်သတ္တိများကို ပိုမိုကောင်းမွန်လာစေနိုင်သည်။

**မြေဆွေးပြုလုပ်ရာတွင် အသုံးပြုနိုင်သောပစ္စည်းများမှာ**

(က) တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ –နွားချေး၊ ကြက်ချေး၊ ဆိတ်ချေး

(ခ) လယ်ယာကုန်ထုတ်စက်ရုံ ဘေးထွက်ပစ္စည်းများ– လွှစာမှုန့်၊ ကော်ဖီကြိတ်ဖတ်၊ စပါးခွံ

(ဂ) အပင်နှင့် အပင်အကြွင်းအကျန်များ– ကောက်ရိုး၊ ပြောင်းရိုး၊ မြက်၊ မြက်ခြောက်၊ ဗေဒါ

(ဃ) ဇီဝသက်ရှိများ – အီးအမ်၊ ထရိုင်ကိုဒါးမား(မှို)၊ ဒိုချက်ကင်

မြေဆွေးပြုလုပ်ရာတွင် ကောင်းစွာဆွေးမြည့်သောမြေဆွေးကောင်းရရှိရန်အတွက် အဓိကကျသည့်အချက်များရှိသည်။ ၎င်းတို့မှာ အော်ဂဲနစ်ပစ္စည်း၏ ကာဗွန်၊ နိုက်ထရိုဂျင်အချိုး၊ အသုံးပြုမည့်ပစ္စည်း၏အရွယ်အစား၊ အစိုဓာတ်၊ လေဝင်လေထွက်အခြေအနေ၊ အပူချိန်၊ သင့်တော်သောမြေဆွေးပုံအရွယ်အစားနှင့်အာဟာရဓာတ်ဖြစ်စေသော အခြားပစ္စည်းများထည့်သွင်းခြင်းတို့ဖြစ်သည်။

**မြေဆွေးပြုလုပ်နည်းများမှာ–**

**(၁) ရိုးရိုးမြေဆွေးပြုလုပ်နည်း–မြေဆွေးပုံ**

**(၂) အကျိုးပြုအဏုဇီဝများဖြင့်ပြုလုပ်နည်း – အီးအမ် (Effective microorganism)၊ ထရိုင်ကိုဒါးမား (Trichoderma)၊ ဒိုချက်ကင် (Dochekin)၊**

**(၃) အဏုဇီဝ အားဖြည့်စာများဖြင့်ပြုလုပ်နည်း (ME: Microbe Enhancer Technology)**

- အော်ဂဲနစ်ရှုလကာရည်၊ စပါးခွံမီးသွေး၊ ခိုင်တိုစန်၊ စပီရူလိုင်းနားရေညှိ၊ ကြံမြှုပ်ချေး၊ ငါးအမိုင်နိုအက်စစ်၊ သစ်သီးချဉ်ဖောက်ရည်၊ ကုက္ကိုသီး

**(၁) ရိုးရိုးမြေဆွေးပြုလုပ်နည်း(မြေဆွေးပုံ)**

(က) အရိပ်ရပြီး ညီညာပြန့်ပြူးသောနေရာ၊ ရေမဝပ်သောနေရာတွင် မြေဆွေးပုံပြုလုပ်ပါ။

(ခ) အော်ဂဲနစ်ပစ္စည်းများနှင့် တိရစ္ဆာန်အညစ်အကြေးများကို အလွှာလိုက်စုပါ။

(ဂ) ပထမအလွှာတွင် သီးနှံအကြွင်းအကျန်အရိုး/အရွက်ခြောက်များကို (၈–၁၀) လက်မအထူဖြန့်ခင်း၍ နုန်းမြေ၊ နွားချေးနှင့်ပြာမှုန့်များကို ရေတွင်ခပ်ပျစ်ပျစ်ဖျော်ပြီး ဖျန်းရမည်။

(ဃ) ဒုတိယအလွှာတွင် လတ်ဆတ်သော အစိမ်းရောင်ရှိအပင်ထွက်ပစ္စည်းများကို (၈–၁၀) လက်မအထူဖြန့်ခင်းရမည်။ (ရေလောင်းရန်မလိုပါ)

(င) တတိယအလွှာတွင် နွားချေး၊ ကြက်ချေး၊ ဝက်ချေးများကို (အခြောက်/အစို)ကို မြေကြီး/သစ်ဆွေးများနှင့်ရော၍ (၂–၄) လက်မအထိရအောင်ဖြန့်ရမည်။ တိရစ္ဆာန်အညစ်အကြေး ရရှိနိုင်မှုနည်းပါက ရေနှင့်ဖျော်၍(၁/၂)လက်မရရှိအောင်ဖျန်းရမည်။

(စ) အလွှာများကိုတစ်လွှာခြင်း အမြင့် ၃ ပေ (သို့) ၄ ပေရရှိသည်အထိစုပုံပါ။ မြေဆွေးပုံရာတွင် အလယ်ပိုင်းကပိုထူပြီး အဖျားပိုင်းများက အနည်းငယ်စီနိမ့်၍ လိပ်ပုံသဏ္ဍာန်စုပုံပါ။ မြေဆွေးပုံအမြင့်သည် ၄ ပေခွဲကျော်သွားပါက အောက်ဆုံးအလွှာရှိ အဏုဇီဝများမှာ ကောင်းစွာအလုပ်မလုပ်နိုင်သဖြင့် ဆွေးမြည့်မှုနောက်ကျမည်ဖြစ်သည်။

(ဆ) မြေဆွေးပုံအတွင်း လေဝင်လေထွက်ကောင်းစေရန် ဒေါင်လိုက်(သို့) ဝါးတုတ်များထိုးစိုက်ပါ။

(ဇ) မြေဆွေးပုံအား ပလတ်စတစ် (သို့) ရွှံ့စေးဖြင့်ဖုံးအုပ်ပါ။ မြေဆွေးပုံမပျက်စီးစေရန် အောက်ခြေတွင် ကျောက်တုံးများစီခြင်း/အကာအရံပြုလုပ်ပါ။

(ဈ) မြေဆွေးပုံ အလယ်သားများ ဆွေးမြည့်လာပါက အပုံကိုအထက်အောက်လှန်ပေးပြီး ရေအနည်းငယ်ဖျန်းပေးရန်လိုအပ်သည်။ သို့မှသာ အပုံရှိမြေဆွေးအားလုံး စိုထိုင်းစေမည်ဖြစ်သည်။

(ည) ဆွေးမြည့်ပြီး မြေဆွေးပုံသည် ယခင်မြေဆွေးပုံအမြင့်၏ထက်ဝက်ခန့်သာရှိမည်ဖြစ်သည်။ အတွင်းသားအရောင်မှာ ညိုမည်းနက်မှောင်နေပြီး အနံ့လည်းကောင်းမွန်လာမည်ဖြစ်သည်။ **စာမျက်နှာ ၁၀ သို့** ❐



❒ စာမျက်နှာ ၉ မှအဆက်

**(၂)အကျိုးပြုအဏုဇီဝများဖြင့် မြေဆွေးပြုလုပ်နည်း**

**(က) အီးအမ်မြေဆွေးပြုလုပ်ခြင်း**

အကျိုးပြုအဏုဇီဝဖျော်ရည်(Effective Microorganisms –EM)ဆိုသည်မှာ မြေဆီလွှာအတွင်းရှိသီးနှံပင်တို့၏ကြီးထွားဖြစ်ထွန်းမှု၊ အထွက်နှုန်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှုနှင့် သီးနှံအရည်အသွေးကို မြင့်မားစေနိုင်သော အကျိုးပြုအဏုဇီဝမျိုးစိတ်များကို အဆင့်မြင့်နည်းပညာဖြင့် စနစ်တကျ စုပေါင်းမွေးမြူဖျော်စပ်ထားသည့်ဖျော်ရည်တစ်မျိုးဖြစ်သည်။ အဓိကပါဝင်သောအဏုဇီဝများမှာ လက်တစ်အက်စစ်ဗက်တီးရီးယား(Lactic acid bacteria)၊ Yeast၊ Photosyenthetic bacteria၊ Actinomyces bacteria နှင့် Fermenting fungi တို့ဖြစ်သည်။




အီးအမ်မြေဆွေးသည် အကျိုးပြုအဏုဇီဝသက်ရှိများကို သီးနှံစွန့်ပစ်ပစ္စည်းများ၊ တိရစ္ဆာန်ချေးများနှင့် စနစ်တကျရောနှောပြုလုပ်၍ရရှိသောမြေဆွေးဖြစ်သည်။ အီးအမ်မြေဆွေးပုံပြုလုပ်ရန်အတွက် ပထမဦးစွာ အသင့်သုံးအီးအမ်ဖျော်ရည်ပြုလုပ်ရမည်ဖြစ်သည်။ အသင့်သုံးအီးအမ်ဖျော်ရည် ရရှိရန်အတွက် အီးအမ်အပြင်း ၁ ဆ၊ တင်လဲရည် ၄ ဆအား ရေ ၉၅ ဆဖြင့်ရောစပ်ရမည်။ ယင်းတို့ကို ရောစပ်ပြီး သမအောင်လှုပ်ပေးပြီးနောက် လေလုံအောင်ပိတ်ထားရမည်။ ရောစပ်ပြီးသုံးရက်အကြာတွင် မူလအမည်းရောင်မှ အဝါရောင်သို့ပြောင်းသွားမည်။ အဝါရောင်ပြောင်းပြီး ၇ ရက်မှ ၁၀ ရက်အတွင်း သုံးစွဲရမည်ဖြစ်သည်။

**အီးအမ်မြေဆွေးပြုပုံအဆင့်ဆင့်မှာ–**

(က) ဖျော်စပ်ထားသည့် အသင့်သုံး အီးအမ်ဖျော်ရည် ၁ ဆ (၁လီတာ) + တင်လဲရည် ၁ ဆ (၁ လီတာ) + ရေ ၉၈ ဆ ( ၂၀ ဂါလန်)တို့ကို ရောစပ်ဖျော်၍ မြေဆွေးပုံပြုလုပ်ရာတွင် အသုံးပြုရမည်။ လယ်ယာစွန့်ပစ်ပစ္စည်းများအား ၎င်းအရည်တွင် စိမ်နှစ်၍ ဆယ်ယူစုပုံပေးပါ။ သို့မဟုတ် လယ်ယာစွန့်ပစ်ပစ္စည်းများအား အလျား ၆ ပေ၊ အနံ ၃ ပေ၊ ထု ၆ လက်မခန့်တစ်လွှာပြုလုပ်ပါ။ ၆ လက်မအထူရရှိရန် ဖြန့်ခင်းပြီး သိပ်သည်းမှုရှိစေရန် လူဖြင့်နင်းရမည်။

( ခ ) ထို့နောက် နွားချေး ၈ ပြည်ဖြူးပေးပြီး မြေဆွေးပြုလုပ်ရန် ဖျော်စပ်ထားသည့်အီးအမ်ဖျော်ရည်၃ ဂါလန်ခန့်ကို နှံ့စပ်စွာဖျန်းပေးပါ။

( ဂ ) ဤနည်းစဉ်အတိုင်း အလွှာခြောက်လွှာပြုလုပ်ပြီး မြေဆွေးပုံအမြင့်၃ပေခန့်အထိ ပြုလုပ်ပါ။

(ဃ) ထို့နောက် မြေဆွေးပုံအတွင်း ရေမဝင်စေရန်နှင့် အပုံအား အခြားလူ/တိရစ္ဆာန်ဖျက်ဆီးမှုမဖြစ်စေရန်အတွက် ပလတ်စတစ် သို့မဟုတ် အခြားစွန့်ပစ်ပစ္စည်း တစ်ခုခုဖြင့် လေလုံအောင်ဖုံးပေးရမည်။

( င ) ၇ ရက်မှ ၁၀ ရက်အတွင်း တစ်ဝက်တစ်ပျက်ဆွေးမြည့်စပြုချိန်တွင် သီးနှံစိုက်ခင်းပြုပြင်ချိန်၌ ထည့်သွင်းသုံးစွဲနိုင်သည်။ နှစ်ရှည်ပင်၊ ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်ခြံသီးနှံပင်များတွင် အစိုဓာတ်ရှိချိန်၌ထည့်သွင်း၍ မြေဖုံးပြုလုပ်ပေးနိုင်သည်။

**(ခ) ဒိုချက်ကင်(Dochakin) သဘာဝမြေဩဇာပြုလုပ်ခြင်း**


သဘာဝသစ်တော မြေများသည် အဏုဇီဝသက်ရှိပါဝင်မှုများသောကြောင့် မြေဆီဩဇာထက်သန်သောမြေများဖြစ်သည်။ မိမိတို့ဒေသအတွင်းရှိ သဘာဝသစ်တောမြေ၊ ဝါးရုံတောမြေများတွင် ပါဝင်နေသည့်အဏုဇီဝပိုးများကို မွေးမြူပွားများပြီး စိုက်ခင်းတွင် ပြန်လည်အသုံးပြုနိုင်သော အဏုဇီဝမြေဩဇာကို ဂျပန်ဘာသာဖြင့် ဒိုချက်ကင်ဟုခေါ်ဆိုကြခြင်းဖြစ်သည်။ အဏုဇီဝသက်ရှိများကို မွေးမြူရာတွင် သာမန်သစ်ပင်များထက် ဝါးရုံပင်အောက်နှင့်ထူထပ်စွာပေါက်ရောက်နေသည့် သစ်တောသစ်ပင်အောက်များရှိ အဏုဇီဝများဖြင့်ပြုလုပ်ပါက ပိုမိုကောင်းမွန်သောဒိုချက်ကင်ကို ရရှိမည်ဖြစ်သည်။ ဒိုချက်ကင်ကို အသုံးပြုခြင်းအားဖြင့် မြေဆီလွှာတွင်းရှိ မဆွေးမြည့်သောအပင်အကြွင်းအကျန်များကို ဆွေးမြည့်စေပြီး အပင်အတွက် အာဟာရဓာတ်အဖြစ် ပြောင်းလဲရရှိစေခြင်း၊ မြေဆီလွှာအတွင်း လေဝင်လေထွက်၊ ရေဝင်ရေထွက်ကောင်းမွန်စေပြီး သီးနှံများကောင်းစွာဖွံ့ဖြိုးကြီးထွားစေခြင်း၊ သစ်ရွက်ဆွေး၊ နွားချေး၊ ဝက်ချေးများတွင် ရောဂါ/ပိုးမွှားများပါဝင်လာပါက မြေဆွေးပုံပြုလုပ်စဉ် အပူချိန်ကြောင့် နှိမ်နင်းပြီးဖြစ်သဖြင့် ရောဂါ/ပိုးမွှားကင်းစင်သော သဘာဝမြေဩဇာကောင်းများရရှိစေခြင်း၊ အာဟာရဓာတ်နည်းပါးစေပြီး စေးလွန်းသော/ကြမ်းလွန်းသောမြေများကို ကောင်းမွန်စေပြီး အာဟာရဓာတ်ထက်သန်လာစေခြင်း စသည့်အကျိုးကျေးဇူးများကိုရရှိစေနိုင်သည်။

ဒိုချက်ကင်ပြုလုပ်ရာတွင် ပထမအဆင့်တွင် ဒိုချက်ကင်အဏုဇီဝမွေးမြူရမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် ဒိုချက်ကင်သဘာဝမြေဩဇာပြုလုပ်ရမည်ဖြစ်သည်။

**ဒိုချက်ကင်အဏုဇီဝမွေးခြင်း လိုအပ်သောပစ္စည်းများ**

(၁) ဝါးရုံတောမြေ / သစ်တောမြေဆွေး
(၂) တင်လဲရည် (သို့)ထန်းလျက်
(၃) ဖွဲနု
(၄) နွားချေး၊ ဝက်ချေး၊ ကြက်ချေး
(၅) ကောက်ရိုး၊ ပေါင်းမြက်များ
(၆) စပါးခွံ

ဒိုချက်ကင်မွေးမြူရန် ဝါးရုံပင် သို့မဟုတ် သစ်ပင်အောက်များတွင် လူတို့ မီးမရှို့၊ ပြုပြင်ခြင်းမရှိ၊ တူးဆွထားခြင်းမရှိသည့် နေရာမှ အကျယ် ၃ ပေရှိသည့်နေရာတွင် အပေါ်ယံမြေသား (၅–၆)လက်မကို တူးဆွခြေမွရမည်။ ဖွဲနုတစ်ပြည်ခန့်ကို တူးဆွထားသည့်မြေများနှင့်ရောစပ်ရမည်။ တင်လဲရည် ၁ ပုလင်း(ထန်းလျက် ၅၀ ကျပ်သား)အား ရေ ၃ ဂါလန်ဖြင့်ရော၍ ဖျော်ပါ။ ထို့နောက် ဖွဲနုနှင့်မြေရောစပ်ထားသည့် အပုံပေါ်သို့ တင်လဲရည် ဖျန်းပြီး မွှေပေးရမည်။ ရေအားလိုအပ်သလို ဖျန်းပေးနိုင်ပြီး ရေနည်းလွန်းခြင်း၊ များလွန်းခြင်းမဖြစ်စေရပါ။ ရောစပ်ထားသည့်ဖွဲနုနှင့် မြေအရောအပေါ်တွင် သစ်ရွက်ခြောက် သို့မဟုတ် ဝါးရွက်ခြောက်များနှင့် ဖုံးထားပြီး အပေါ်မှမြေွရေခွံအိတ်များဖြင့်ထပ်မံဖုံး၍ သုံးညအိပ်ထားရမည်။ လေးရက်မြောက်သောနေ့တွင် အနံ့သင်းသော အဖြူရောင်မှိုမျှင်များတွေ့ရှိရမည်ဖြစ်ပြီး ၎င်းမြေများကို ဒိုချက်ကင်အဖြစ်အိတ်များဖြင့် စုဆောင်းသိမ်းဆည်းထားပြီး လိုအပ်သလိုအသုံးပြုနိုင်သည်။ ရရှိလာသော ဒိုချက်ကင်အဏုဇီဝအား စိုက်ခင်းတွင် ပမာဏအများအပြားအသုံးပြုလိုပါက ဒိုချက်ကင်အသုံးပြုပြီး သဘာဝမြေဩဇာ ပြုလုပ်ပြီး သုံးစွဲနိုင်သော်လည်း ဒိုချက်ကင် အဏုဇီဝမွေးမြူပြီး တစ်ပတ်အတွင်း ပြုလုပ်ရန်လိုအပ်သည်။




**ဒိုချက်ကင်အသုံးပြု၍ သဘာဝမြေဩဇာပြုလုပ်ခြင်း**

ဒိုချက်ကင်သဘာဝမြေဩဇာပုံပြုလုပ်မည့်နေရာအား ညီညာပြန့်ပြူးပြီး အရိပ်ရ၍ ရေမဝပ်သောနေရာတွင် ရွေးချယ်ပြုလုပ်သင့်သည်။

(၁) စပါးခွံကို ၆ ပေပတ်လည်နှင့် ၃ လက်မအထူရအောင်ဖြန့်ခင်း၍ ရေဖျန်းပေးပါ။
(၂) ထို့နောက် ကောက်ရိုး/သီးနှံ အကြွင်းအကျန်များကို ၆ လက်မခန့်ဖြန့်ခင်း၍ သိပ်သည်းစေရန် လူဖြင့်နင်းပါ။
(၃) ယင်းအပေါ်မှ နွားချေး/ကြက်ချေး/ဝက်ချေးတိရစ္ဆာန်ချေးများကို ၆ လက်မဖြန့်ခင်းပါ။
(၄) ယင်းနောက် ဒိုချက်ကင်များကို ပါးပါးဖြူးပေးပါ။
(၅) အလွှာတစ်လွှာ ခင်းပြီးတိုင်း အစိုဓာတ်ရရှိစေရန် ရေဖျန်းပေးပါ။
(၆) စပါးခွံ၊ ကောက်ရိုးနှင့်နွားချေး အလွှာများသည် တစ်ထပ်ဖြစ်သည်။ အဆိုပါနည်းအတိုင်း အထပ်လေးထပ်၊ အမြင့် ၄ ပေခန့်ရှိသည့် မြေဆွေးပုံရရှိလာပါက အပေါ်ဆုံးမှ စပါးခွံများဖြင့်ဖုံးအုပ်ပေးပါ။
(၇) မြေဆွေးပုံအား အစိုဓာတ်လိုအပ်ပါက ရေထပ်မံဖျန်းပေးရန်လိုအပ်သည်။
(၈) (၃–၄)ပတ်ကြာလျှင် အတွင်းအပြင်သမစေရန်အပုံပြောင်းပြီး ရေဖျန်းပေးပါ။ ပထမအကြိမ် အပုံပြောင်းပြီး နှစ်ပတ်ကြာလျှင် ထပ်မံ၍ အပုံပြောင်းပေးရပါမည်။
(၉) ဒိုချက်ကင်မြေဆွေး ပြုလုပ်ပြီး နှစ်လအကြာတွင် စိုက်ခင်းအတွင်း အသုံးပြုနိုင်သော သဘာဝမြေဩဇာရရှိနိုင်ပြီဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆–၄–၂၀၂၆(တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၆:၅၀ ဓမ္မပူဇာတေး
၃။ ၀၇:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၄။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၀၈:၃၀ မောင်မယ်လေးများသိစေချင်
၆။ ၀၉:၄၅ တွေးမယ်ဖြေမယ်
၇။ ၁၁:၁၀ ကမ္ဘာ့ရေးရာမှတ်သားစရာ
၈။ ၁၁:၂၅ တစ်ချိန်က သူတို့အကြောင်း
၉။ ၁၁:၅၅ မြန်မာ့လက်သံ
၁၀။ ၁၂:၁၅ လေးစားအတုယူစံနမူနာသူရဲကောင်းများ
၁၁။ ၁၃:၁၅ တစ်ပတ်အတွင်း ထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၁၂။ ၁၃:၂၅ အမှတ်တရနေ့ရက်များ
၁၃။ ၁၄:၅၀ မှတ်သားလိုက်နာပုံပမာ
၁၄။ ၁၇:၂၅ သီချင်းလက်ဆောင်
၁၅။ ၁၈:၂၀ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ**
၁၆။ ၁၈:၃၅ ကျန်းမာသုတ
၁၇။ ၁၉:၀၀ CGTN NATURE(4)
၁၈။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

## MWD Variety Channel

၆–၄–၂၀၂၆(တနင်္လာနေ့)

၁။ ၀၉:၅၀ စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ
၂။ ၁၁:၃၅ သောတဆင်စရာ တေးမြန်မာ
၃။ ၁၂:၂၀ Knowledge Note
၄။ ၁၃:၃၅ သတိမမူ ဂူမမြင်

# နိုင်ငံတော်အတွက် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အတွေ့အကြုံရရှိစေရေးအတွက်လည်း ဆက်လက်မွေးထုတ်ပေးသွားကြရမည်ဖြစ်




ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။




ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဒေါ်ခင်မေရီအား ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးဉာဏ်ထွန်းအား ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းအား ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးအား ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။

✯ **စာမျက်နှာ ၁၇ မှအဆက်**

ထိုသို့ဆောင်ရွက်ခဲ့ကြရာတွင် အစိုးရ၏ ဦးစီးဦးဆောင်မှုသည် အရေးကြီးသကဲ့သို့ ပြည်သူများ၏ပူးပေါင်းပါဝင်မှုသည်လည်း အဓိကကျကြောင်း၊ နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒေသအလိုက်၊ ကဏ္ဍအလိုက် ချမှတ်ပေးထားသည့်ဦးတည်ချက်များ၊ ရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်ရသည်မှာ လွယ်ကူသည့်အလုပ်မဟုတ်ကြောင်း၊ သာမန်အချိန်၌ပင် မလွယ်ကူသည့်တာဝန်များကို ယခုကဲ့သို့အခက်အခဲမျိုးစုံကြားမှ လုပ်ဆောင်ရခြင်းသည် ပိုမိုခက်ခဲကြမ်းတမ်းပါကြောင်း၊ တော်ရုံတန်ရုံစိတ်ဓာတ်မျိုး၊ ဝတ်ကျေတန်းကျေလုပ်ဆောင်မှုမျိုးဖြင့် အောင်မြင်မှုရမည်မဟုတ်ဘဲ လက်ရှိအခြေအနေကိုရောက်မလာနိုင်ကြောင်း။

အားလုံးသိသည့်အတိုင်း မည်သည့်လုပ်ငန်းတွင်မဆို ခေါင်းဆောင်မှုသည် အဓိကကျကြောင်း၊ ဦးစီးဦးဆောင်အကောင်အထည်ဖော်ကြရသည့် အကြီးအကဲများ၏တာဝန်သည် အလွန်အရေးကြီးကြောင်း၊ မိမိတို့တာဝန်ယူစဉ်ကာလတွင် ချမှတ်ခဲ့သည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များ၊ အမျိုးသားရေးတာဝန်များကို မိမိနှင့်အတူယုံယုံကြည်ကြည်၊ ကြိုးစားပမ်းစား စိတ်ရင်းစေတနာကောင်းများဖြင့် အကောင်အထည်ဖော်ပေးကြသည့် မိမိ၏လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် ယခုတက်ရောက်လာကြသူများအားလုံးကို မိမိအစဉ်အမြဲ သတိရနေမည်ဖြစ်ကြောင်း၊ လေးလေးစားစားဖြင့်ဂုဏ်ယူပြီး အသိအမှတ်ပြုကျေးဇူးတင်နေမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

ခေါင်းဆောင်မှုသည်နေရာတိုင်း၌အရေးကြီးသည်ကို မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူခဲ့သည့် ၅ နှစ်တာကာလအတွင်း၌ အချို့အကြီးအကဲများနှင့် ခေါင်းဆောင်မှု တာဝန်ယူထားသူအချို့သည်တိုင်းပြည်နှင့်လူမျိုးအပေါ် တာဝန်ပျက်ကွက်ခြင်း၊ ပေါ့ဆမှုနှင့်လုပ်ဆောင်မှုလွဲမှားခြင်းများနှင့် လုပ်ထုံးလုပ်နည်းနှင့်မညီသည် များအချို့ရှိခဲ့သည်ကို စိတ်မကောင်းစွာကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့်လည်း အခက်အခဲကြားက နိုင်ငံကိုတည်ဆောက်ရာတွင် မဖြစ်သင့်မဖြစ်ထိုက်သည်များမဖြစ်ရအောင် ထိန်းထိန်းသိမ်းသိမ်းဖြင့် မလွဲမရှောင်သာ ဆောင်ရွက်ရခြင်း၊ လက်တွဲဖြုတ်ခဲ့ရခြင်းများရှိခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။


ထိုသို့ လူပုဂ္ဂိုလ်များကြားမှ ယခုအခမ်းအနားကို တက်ရောက်ပေးကြသည့် ပုဂ္ဂိုလ်များသည် မိမိတို့တာဝန်ယူခဲ့သည့် ၅ နှစ်တာကာလအစအဆုံးတွင်ပေးအပ်သည့်တာဝန်များကိုသစ္စာရှိရှိဖြင့် ကျေပွန်အောင်ကြိုးစားထမ်းဆောင်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့်လည်း **စာမျက်နှာ ၁၂ သို့** ✯

✭ စာမျက်နှာ ၁၁ မှအဆက်

မကြာမီရက်ပိုင်းအတွင်း၌ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်မည့် အစိုးရသစ်ကို သင့်တင့်ကောင်းမွန်သည့်အခြေခံများဖြင့် လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ထိုသို့ **နိုင်ငံတော်၊ အစိုးရနှင့်ပြည်သူလူထုကို သစ္စာစောင့်သိပြီး တာဝန်ကျေပွန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို မိမိအနေဖြင့် လေးလေးစားစား အသိအမှတ်ပြု**ကြောင်း။

မိမိကိုယ်တိုင်လည်း ဦးစီးဦးဆောင် အကြီးအကဲဖြစ်သဖြင့် ယခု ၅ နှစ်တာကာလ၏အခက်အခဲများ၊ အန္တရာယ်များ၊ အကျပ်အတည်းများကို သိရှိပြီးဖြစ်သကဲ့သို့ ကိုယ်ချင်းလည်းစာနာမိကြောင်း၊ ထိုအထဲမှ ကြိုးကြိုးစားစားဖြင့် သစ္စာရှိရှိ၊ တာဝန်ကျေကျေ၊ အပြစ်ကင်းကင်းဆောင်ရွက်ခဲ့ကြသည်များကို လေးလေးစားစားအသိအမှတ်ပြု မှတ်တမ်းတင်လိုသဖြင့် ယခုအခမ်းအနားကိုကျင်းပပြီး ဂုဏ်ပြုခြင်းဖြစ်ကြောင်း။

အခက်အခဲမျိုးစုံကြားမှ နိုင်ငံတော် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် သစ္စာရှိရှိ၊ ရိုးရိုးသားသား၊ တက်တက်ကြွကြွဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြုကြောင်း၊ မိမိ၏ဦးဆောင်မှုအောက်တွင် ယုံယုံကြည်ကြည်၊ ရဲရဲဝံ့ဝံ့၊ စွန့်လွှတ်စွန့်စားလုပ်ဆောင်ခဲ့ကြသည်များကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်း၊ တာဝန်ထမ်းဆောင်စဉ်ကာလတွင်ကိုယ်ကျိုးမဖက်၊ အတ္တကင်းကင်းဖြင့်နိုင်ငံနှင့်ပြည်သူအကျိုးကို အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့်စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုများကို ကျေးဇူးတင်ကြောင်း၊ မိမိတို့တစ်တွေသည် မြန်မာနိုင်ငံ၏သမိုင်းတွင် နိုင်ငံ၏ အန္တရာယ်ရန်စွယ်ကျမည့် အချိုးအကွေ့တစ်ခုကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ပြီး နိုင်ငံကို မူလရည်မှန်းသည့် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်တည့်မတ်လွှဲပြောင်းပေးနိုင်ခဲ့သော သမိုင်းမော်ကွန်းတစ်ခုကို စိုက်ထူနိုင်ခဲ့သဖြင့် ဝမ်းသာအားရဖြစ်ရကြောင်း၊ ထို့ကြောင့် မိမိနှင့်အတူ ၅ နှစ်တာကာလ လက်တွဲပြီး တာဝန်ကျေခဲ့ကြသည့် ယခုအခမ်းအနားကို တက်ရောက်လာကြသူများအားလုံးကို လေးလေးစားစားဂုဏ်ယူစွာ မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်းနှင့် အနာဂတ်နိုင်ငံတော်အတွက်လည်း ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပြောကြားလိုကြောင်း၊ **နိုင်ငံတော်အတွက် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အတွေ့အကြုံရရှိစေရေးအတွက်လည်း ဆက်လက်မွေးထုတ်ပေးသွားကြရမည်ဖြစ်**ကြောင်းဖြင့် ပြောကြားသည်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ခြင်းအခမ်းအနားသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

❖ **မိမိနှင့်အတူ ၅ နှစ်တာကာလလက်တွဲပြီး တာဝန်ကျေခဲ့ကြသည့် ယခုအခမ်းအနားကို တက်ရောက်လာကြသူများအားလုံးကို လေးလေးစားစားဂုဏ်ယူစွာ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် အနာဂတ်နိုင်ငံတော်အတွက်လည်း ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပြောကြားလို . . .**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်အား ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းအား ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းအား ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်အား ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များကိုချီးမြှင့်ပေးအပ်ရာ ဦးစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများကို ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များကို ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့က ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များကို ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မန်းရွှေစက်တော်ဘုရားပွဲ၌ ဘုရားဖူးပြည်သူ ၁၈၀၀၀၀ ကျော် လာရောက်ဖူးမြော်



မင်းဘူး ဧပြီ ၅

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲ၌ ဧပြီလ ၅ ရက်အထိ ဘုရားဖူးပြည်သူ ၁၈၀၀၀၀ ကျော် လာရောက်ဖူးမြော်လျက်ရှိကြောင်း ရွှေစက်တော်ဂေါပကအဖွဲ့ထံမှ သိရသည်။

ယခုနှစ်တွင် မန်းရွှေစက်တော်ဘုရားပွဲကို တပို့တွဲလဆန်း ၅ ရက်မှစတင်၍ မြန်မာနှစ်ဆန်း ၁ ရက် အထိ (၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်မှ ဧပြီလ ၁၇ ရက်အထိ) ရက်ပေါင်း ၈၆ ရက်ကြာ ကျင်းပလျက်ရှိသည်။ ပွဲတော်ကျင်းပချိန်ကာလတွင် ဘုရားဖူးပြည်သူများအား တည်းခိုဆောင်များတွင် စိတ်အေးချမ်းသာစွာ တည်းခိုနားနေနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားယာဉ်များအပြင် ကိုယ်ပိုင်ယာဉ်များဖြင့် လာရောက်ဖူးမြော်ကြကြောင်း၊ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များနှင့် အစိုးရရုံးပိတ်ရက်ကာလများတွင် တည်းခိုဆောင်အခန်းများ ပြည့်သည်အထိ လာရောက်ကြကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## တွဲလက်ညီ တစ်စိတ်တစ်ဝမ်းရယ်နှင့်

✤ ဒီမိုကရေစီ မုခ်ဦးသစ်
ဖွင့်လှစ်တဲ့ မင်္ဂလာ။
နိုင်ငံတော် သမ္မတ
ရွေးချယ်ကြရာ။
သမ္မတသစ် ပေါ်ထွန်းလာ
မော်ကွန်းမှာ ကမ္ပည်းထိုး။
နိုင်ငံဝန် ရွက်ဆောင်ထမ်းမယ့်
စွမ်းရည်ပြည့်ဖြိုး။

✤ နေလလို ထွန်းသစ်ခဲ့
ရှန်းတင့်တဲ့ ကျက်သရေ။
တို့ပြည်ထောင် နိုင်ငံတစ်ဝန်း
ပြုံးပန်းလှိုင်ဝေ။
နိုင်ငံရဲ့ နောင်အခြေ
အောင်စေမည့် နိမိတ်ထူး။
အောင်တမန် အောင်သံပေးလို့
အောင်တေးသီကျူး။

✤ အောင်တေးသီ အောင်သံဆင့်
အောင်လံလွှင့် အောင်ကြောင်းဖြာ။
ရွှေခေတ်ဆီ အရောက်လှမ်းဖို့
ကြိုးပမ်းဆောင်ကာ။
ဒီမိုကရေစီရဲ့ ရွှေလမ်းမှာ
ရွှေလမ်းသာ ဖြောင့်ဖြူးရေး။
ရွှေနိုင်ငံ ရွှေရောင်လွှမ်းအောင်
ရွှေလမ်းဖော်ပေး။

✤ ဩဘာသံ ငွေ့ခရု
ဇေယျတု သဗ္ဗမင်္ဂလံ။
နိုင်ငံ့ဂုဏ်ဆောင် အောင်တံဆိပ်နဲ့
အောင်ဘိသိက်ခံ။
အောင်မြဲတည့် အောင်စိတ်သန်
နိုင်ငံသစ် ခေတ်မီရေး။
တွဲလက်ညီ တစ်စိတ်တစ်ဝမ်းရယ်နဲ့
လျှောက်လှမ်းစို့လေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

## သဇင်(FM)အသံလွှင့်အစီအစဉ်

၆-၄-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် "မြန်မာနိုင်ငံဆိုင်ရာ ရှန်ဒုန်ကုန်သည်ကြီးများအသင်း" အနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ ရှန်ဒုန်ကုန်သည်ကြီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ ကျန်းရှီးကုန်သည်ကြီးများအသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် "မြန်မာနိုင်ငံဆိုင်ရာ ဖုကျန့်ကုန်သည်ကြီးများအသင်းချုပ်"က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ ဖုကျန့်ကုန်သည်ကြီးများအသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခြင်းအပေါ် "မြန်မာနိုင်ငံဆိုင်ရာ ကွမ်းတုန်းကုန်သည်ကြီးများအသင်း"က အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်၏အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ ကွမ်းတုန်းကုန်သည်ကြီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုလွှတ်တော်မှ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ကျွန်ုပ်တို့အသင်းသည် စစ်မှန်သောစိတ်ရင်းဖြင့် ဂုဏ်ပြုအပ်ပါသည်။

နိုင်ငံတော်သမ္မတကြီးအနေဖြင့် မြန်မာနိုင်ငံကို ဖွဲ့လုံ့လဖြင့်အုပ်ချုပ်နိုင်ခြင်း၊ ထူးကဲသောအမြော်အမြင်နှင့် လက်တွေ့ကျသောစိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်၏ ရေရှည်တည်ငြိမ်အေးချမ်းမှု၊ စည်ပင်ဖွံ့ဖြိုးမှုနှင့် ပြည်သူတို့၏ အေးချမ်းသာယာမှုတို့ကို ဆောင်ကြဉ်းပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ (တရုတ်)ယူနန်ကုန်သည်ကြီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

**ပြည်တွင်းလူငယ်များမိတ်သဟာယအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေး၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်မှ အထူးလေးစားဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

**မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခြင်းအပေါ် မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်(MFMA)က ဂုဏ်ယူဝမ်းမြောက်စွာဖြင့်ကြိုဆိုအပ်ပါသည်။

မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

## မြန်မာမြို့ပြအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းရှင်များအသင်း(M,D,A) ဂုဏ်ပြုသဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေး၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာမြို့ပြအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း(M,D,A)မှ အထူးလေးစားဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယင်းသို့ နိုင်ငံတော်သမ္မတတာဝန်ကိုအပ်နှင်းခံရခြင်းသည် နိုင်ငံတော်၊ ပြည်သူလူထုနှင့် တပ်မတော်အကျိုး နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်အကျိုးပြု၍ ခေါင်းဆောင်မှုပေးနိုင်သည်ကို ထူးကဲထင်ရှားစွာတွေ့မြင်နိုင်ပါသဖြင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာဆက်လက်ထမ်းဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

**ဥက္ကဋ္ဌ နှင့် CEC များ**

**မြန်မာမြို့ပြအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း**

**Myanmar urban Development entrepreneurs Association (M,D,A)**

# မိတ္ထီလာမြို့နယ်၌ အပူဒဏ်အန္တရာယ် ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်

**မိတ္ထီလာ ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မြို့မစည်ပင်သာယာဈေးကြီးနှင့် စက်သုံးဆီဆိုင်များ၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်ပေးသည်။

အဆိုပါအပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါက်တာရဲပိုင်ထိုကဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးသည်များ၊ ဈေးဝယ်များအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပိုစတာများကပ်ခြင်း၊ Hand Speaker ဖြင့် ဆောင်ရန်/ ရှောင်ရန်များကို ဖွင့်ပေးခြင်းနှင့် ဓာတ်ဆားထုပ်များ အခမဲ့ပေးအပ်ခြင်းတို့ ဆောင်ရွက်သည်။

ဆက်လက်၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေးအသိပညာပေးခြင်းလုပ်ငန်းကို အောင်ဆန်းရပ်ကွက်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်သို့ ဆိုင်ကယ်ဆီလာရောက်ထုတ်ယူသည့် ဒေသခံပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။ (၆၀၂၊ ၄၀၂)

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၆˚c / | ၃၇˚c |
| ရန်ကုန် | ၂၄˚c / | ၃၇˚c |
| မန္တလေး | ၂၈˚c / | ၄၁˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များထုတ်ပြန်

**နေပြည်တော် ဧပြီ ၅**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အမျိုးသားဒီမိုကရေစီပါတီသစ်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း၊ မြန်မာ့ငြိမ်းချမ်းရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့(MPPAA)၊ မြန်မာနိုင်ငံဆိုင်ရာ ဟူနန်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ စီချွမ်နှင့်ချုံချင့်ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ကျန်းစုကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရှန်ဒုန်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကျန်းရှီးကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဖုကျန့်ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ကွမ်းတုန်းကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ(တရုတ်) ယူနန်ကုန်သည်ကြီးများအသင်း၊ ပြည်တွင်းလူငယ်များမိတ်သဟာယအသင်း၊ မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာ မြို့ပြအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (M,D,A) တို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေ၊ မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း၊ သမ္မတကြီး၏ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့်ပါရှိကြောင်း သိရှိရသည်။ (၁၀၀)

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ်လည်းကောင်း၊ ဦးညိုစောအား ဒုတိယသမ္မတ(၁)အဖြစ်လည်းကောင်း၊ ဒေါ်နန်းနီနီအေးအား ဒုတိယသမ္မတ(၂)အဖြစ်လည်းကောင်း အသီးသီး ရွေးချယ်တင်မြှောက်ပေးခဲ့သည့်အပေါ် အမျိုးသားဒီမိုကရေစီပါတီသစ်မှ အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း အမျိုးသားဒီမိုကရေစီပါတီသစ်မှ ဆန္ဒပြုအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**အမျိုးသားဒီမိုကရေစီပါတီသစ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသော ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံအကျိုး၊ ဘာသာအကျိုးကို ပိုမိုဆောင်ရွက်နိုင်ပါစေကြောင်း လေးစားစွာဖြင့် ဆန္ဒပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတတာဝန်များကို စတင်ထမ်းဆောင်သည့်အချိန်မှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့်ပြည့်စုံ၍ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်သမ္မတတာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ ဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝ**
**မြှင့်တင်ရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

| ၁၂၇ | MOE MYINT YAN COMPANY LIMITED. | Daw War War Tun<br>Daw Naw Roser<br>U A Druck<br>U Moe Myint | 8/YANAKHA(N)077576<br>13/THAPANA(N)039433<br>2/DAMANA(N)008556<br>12/LAMANA(N)136293 | THIRI MYAING (3) STREET, NO.(6-A), GROUND FOOR, NO.(13) QUARTER, HLAING TOWNSHIP, YANGON REGION |
| ၁၂၈ | MOTHER OF DREAM (NPW) COMPANY LIMITED. | U Nyein Chan Ko | 6/KASANA(N)139740 | (45) STREET, NO(50/B), NAWADAY HOUSING, HLAING THARYAR TOWNSHIP, YANGON REGION |
| ၁၂၉ | MOVING SUN COMPANY LTD | U Aung Myo | 12/TAMANA(N)091074 | NO17, 147 STREET, TAMAWE TOWNSHIP, YANGON REGION |
| ၁၃၀ | Mr.Mini Machinery Co., Ltd | U Aung Zaw Htoo | 5/MAKANA(N)079588 | TA TA-40, U PAING 10, (SA) QUARTER, 51 (C) STREET, BETWEEN 124TH AND 125TH STREET, PYI GYI TA GON TOWNSHIP, MANDALAY REGION |
| ၁၃၁ | MYANMA MYAY PYANT THAR TRADING COMPANY LIMITED | U Zaw Moe | 5/BATALA(N)078134 | ROOM (B-1, B-2), 105 MILES, NAMTU QUARTER, MUSE TOWNSHIP, SHAN STATE |
| ၁၃၂ | MYANMAR BIMETAL COMPANY LIMITED. | U Myo Min Oo | 12/THAGAKA(N)190655 | THAZIN (1) STREET, NO(751), (15) WARD, DAGON MYOTHIT (EAST) TOWNSHIP, YANGON REGION |
| ၁၃၃ | MYANMAR DAN NI YA TRADING COMPANY LIMITED | Daw Khin Shwe<br>U MG MG DI | 13/LAYANA(N)119211<br>13/LAYANA(N)107964 | MAW KHAN STREET, NO-69, WARD(7), QUARTER, NO-12/ LASHIO, SHAN STATE |
| ၁၃၄ | MYANMAR FU HAO AGRICULTURAL GROUP COMPANY LIMITED. | U Lu Shin Yaw<br>U Myint Myat Naing<br>U Sai Hla Khaing<br>Daw Sone Yee @ Khin Nwet Yee | 13/KAKHANA(N)116997<br>13/KALANA(N)132666<br>13/NAKANA(N)064887<br>13/NAKANA(N)033707 | WAR YONE PIN VILLAGE, U PAING (84/1), HEHO TOWNSHIP, SHAN STATE |

စာမျက်နှာ ၂၅ သို့▲

▲ စာမျက်နှာ ၂၄ မှအဆက်

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကုမ္ပဏီလိပ်စာ |
|---|---|---|---|---|
| ၁၃၅ | MYANMAR K & M TRADING & LOGISTIC SERVICE COMPANY LIMITED. | U Aung Aung | 12/LAMANA(N)136446 | HANTHARWADDY STREET, NO. (16/24), (KA) WARD, PYI GYI TAGON TOWNSHIP, MANDALAY REGION |
| ၁၃၆ | MYANMAR MINGXINPACKING MATERIAL COMPANY LIMITED | Daw Moe Moe Aye | 13/LAYANA(N)185028 | SAW YOON STREET, NO. 20/403, KYANSITMIN HOUSING PART (2), NO. 8 QUARTER, HLAINGTHARYAR TOWNSHIP (EAST), YANGON REGION |
| | | Mr. Zhao Shougong | E42282105 | |
| ၁၃၇ | MYANMAR SAFETY INDUSTRIAL COMPANY LIMITED | Mr. HWANG DONGWEON | M59912384 | LATWE THONDARA U MYAT SAN STREET, NO. 129, YWAR THAR GYI INDUSTRIAL ZONE, SOUTH DAGON TOWNSHIP, YANGON REGION |
| ၁၃၈ | MYANMAR SHUNDA MEDICINAL MATERIALS COMPANY LIMITED | Daw Khin Than Win | 13/MASATA(N)059831 | (35/B)ST, BET(80*81)ST, NO.(505/2), MAHARAUNGMYAY TOWNSHIP, MANDALAY REGION |
| | | U Nyan Lin Tun | 9/KHAAHZA(N)016538 | |
| ၁၃၉ | MYANMAR THEIN CO., LTD. | U Aung Min Thein | 12/MAGATA(N)096803 | BO AUNG KYAW STREET, NO.141/145, ROOM NO.9/B, 9TH FLOOR, UNITED CONDO, KYAUKTADA TOWNSHIP, YANGON REGION |
| | | Mr Hanumanthu Siva Krishna Indeevar | R3125531 | |
| | | Daw Ka La Wa Thi | 10/MALAMA(N)151926 | |
| | | U Maung Thein | 12/MAGATA(N)043396 | |
| ၁၄၀ | MYANMAR TREASURE SEA COMPANY LIMITED | U Kyaw Sann Oo | 14/MAAHNA(N)180756 | NO.(768), NGALONELEPHEL STREET, 8-QUARTER, NORTH DAGON TOWNSHIP, YANGON REGION |
| ၁၄၁ | MYANMAR WAI FUNG AGRICULTURE COMPANY LIMITED. | Sai Win Maung | 13/MAKAHTA(N)001168 | NO.(12) GTU STREET, AYE MYA KYILIN QRT, NEAR AYE MYA KYILIN MARKET, KYAUKSE TOWNSHIP, MANADALAY REGION |
| ၁၄၂ | MYAT KYAW KYAW COMPANY LIMITED. | U Kyaw Than | 9/PAMANA(N)088116 | NO.1/133, SEPIN STREET, TAUNG THAR QUARTER, PYINMANA TOWNSHIP, NAYPYITAW |
| ၁၄၃ | MYAWADDY WHITE ELEPHANT COMPANY LIMITED. | Daw Hay Mar Phyo | 6/KATHANA(N)043591 | PADAUK STREET, NO.(3) QUARTER, MYAWADDY TOWNSHIP, KAYIN |
| | | U Phyo Thet Kyaw | 12/OUKATA(N)166073 | |
| ၁၄၄ | MYINT MYAT MYINT MOH GROUP COMPANY LIMITED. | Daw Tin Moe Hla | 12/YAPATA(N)027866 | NO.280, DAY WUN (EAST) QUARTER, MAHAR AUNG MYAY TOWNSHIP, MANADALAY REGION |
| | | U Peter Mg Mg Thwin | 12/KATATA(N)032212 | |
| | | U Than Tun Aung | 12/PAZATA(N)002231 | |
| | | U Ye Min Kyaw | 10/THAHTANA(N)096504 | |
| ၁၄၅ | MYSICO CONSTRUCTION & TRADING COMPANY LIMITED. | U Saw Rock Son | 12/MABANA(N)083355 | YANSHIN ROAD, BUILDING (24), ROOM 34, SHWE OHN PIN HOUSING (YANKIN PALM VILLAGE (2)), YANKIN TOWNSHIP, YANGON REGION |
| | | U Than Zaw Oo | 12/PAZATA(N)033367 | |
| ၁၄၆ | Nan Lin Htut Co., Ltd | Daw Nan Ngu Wah | 12/OUKATA(N)186001 | DAYWADAHA (33) STREET, NO 1250, 3RD FLOOR, (13) WARD, SOUTH OKKALAPA TOWNSHIP, YANGON REGION |
| | | U Chan Myae Aung | 14/AHMANA(N)117515 | |
| ၁၄၇ | NANO LAND COMPANY LIMITED. | Daw May Thwin Lay | 13/KALANA(N)002074 | NO.(A-1), ROOM (502), ZAW TI KA HOUSING ROAD, ZA/NORTH WARD, THINGANGYUN TOWNSHIP, YANGON REGION |
| | | Daw Yin May Thant | 13/MAPATA(N)031834 | |
| | | U Khin Maung Soe | 13/KALANA(N)014628 | |
| | | U Soe Moe Thwin | 10/MALAMA(N)013288 | |
| | | U Thant Sin Soe | 13/MAPATA(N)031833 | |
| ၁၄၈ | NATRON (MYANMAR) TRADING COMPANY LIMITED. | Daw Bout Jar | 13/TAKANA(N)147499 | THUMINGALAR ROAD, BETWEEN PARAMI ROAD & THITSAR ROAD, NO (993), SOUTH OKKALAPA TOWNSHIP, YANGON REGION |
| | | U Tin Ko Oo | 8/PAMANA(N)002597 | |
| ၁၄၉ | Nay Alin Myanmar Co., Ltd | U Min Htet Aung | 12/MAGATA(N)114484 | NO(10/B), ANAWYAHTAR STREET, (14) QUARTER, YANKIN TOWNSHIP, YANGON REGION |
| ၁၅၀ | Nc Development Co., Ltd | U Nyein Chan | 14/THAPANA(N)108461 | NO (121), KAN NAR STREET, NO(1) QUARTER, THABAUNG TOWNSHIP, AYEYARWADDY REGION |
| ၁၅၁ | NEMOJI COMPANY LIMITED | Mr. Saikat Barua | EA0979050 | LAN THIT YEIKTHAR HOUSING, BUILDING 5/ ROOM 10/FIRST FLOOR, 11 QUARTER/ LANMADAW TOWNSHIP, YANGON REGION |
| | | Daw Tin Tin Khine | 7/YATAYA(N)006368 | |
| ၁၅၂ | NEW EXPLODE COMPANY LIMITED. | Daw Tar Tar Swe | 7/AHPHANA(N)100761 | CORNER OF BO AUNG KYAW STREET AND KING WON MIN GYI STREET, PLOT NO.(8), SECTOR (4), HLAING THAR YAR TOWNSHIP, YANGON REGION |
| ၁၅၃ | NEW HORIZON GLOBAL COMPANY LIMITED | Ms. Chen, Jo-Yin | 360076769 | 346/354, PYAY ROAD, 6002 SANCHAUNG TOWNSHIP, YANGON, YANGON REGION |
| | | U Si Thu Win | 13/NASANA(N)097623 | |
| ၁၅၄ | NEWTEK (MYANMAR) COMPANY LIMITED. | Mr. CHANG HUA-CHING | 309749082 | WARTAYAR INDUSTRIAL ZONE, PLOT NO.366, MYAY TAING BLOCK NO.49, SHWE PYI THAR TOWNSHIP, YANGON REGION |
| | | Mr. HAUNG CHENG-CHUNG | 307760788 | |
| ၁၅၅ | Ngwe Daung Tharaphu Co., Ltd | Daw Kay Khaing Winn | 7/DAOUNA(N)129459 | NO.(728), PYI HTAUNG SU STREET, (37) WARD, EAST DAGON TOWNSHIP, YANGON REGION |
| ၁၅၆ | NGWE TINN PYIT TRADING CO., LTD. | U Aung Aung | 11/SATANA(N)053866 | SHWE THAR, ROOM NO.(D-1), MUNICIPAL, HOUSING AVENUE, KYAE BIN GYI WARD/SITTWE TOWNSHIP, RAKHINE STATE |
| ၁၅၇ | NITHI COMPANY LIMITED | Daw Thin Thin Mar | 7/DAOUNA(N)210274 | (#11-05 & #11-06, 11TH FLOOR, M TOWER, PYAY ROAD , |

စာမျက်နှာ ၂၆ သို့ ▲

▲ စာမျက်နှာ ၂၅ မှအဆက်

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကုမ္ပဏီလိပ်စာ |
|---|---|---|---|---|
| | | U Kyaw Moe Aung | 12/DAGAMA(N)041475 | NO.527, 8 WARD, KAMARYUT TOWNSHIP, YANGON REGION |
| ၁၅၈ | NWAY OAK AWW COMPANY LIMITED. | Daw San San Htay | 13/NAMATA(N)008236 | NO.(3/120), SHWE NYAUNG PIN STREET, MAIYU (105) MILES VILLAGE GROUP, MUSE TOWNSHIP, SHAN STATE |
| ၁၅၉ | NYI NYI THAWE COMPANY LIMITED | U Thet Paing Nyein | 6/MAMANA(N)148402 | (38) STREET, NO.(40/B), SHWE KAN THARYAR HOUSING, HLAING THARYAR TOWNSHIP, YANGON REGION |
| ၁၆၀ | NYI NYI TUN MYINT COMPANY LIMITED | U Yan Lyan Sike | 13/MASATA(N)042271 | TAW WIN STREET, SHAN (NORTH), NO.(43), PANG HSENG CITY (KYU KOKE), MUSE TOWNSHIP, SHAN STATE |
| ၁၆၁ | NYUNT TA LU TRADING & SERVICES COMPANY LIMITED. | Daw Mary Nyunt | 12/KAMATA(N)056406 | THEIN GYI STREET, NO.17, FIRST FLOOR (A), OAEBO WARD, KYEEMYINDINE TOWNSHIP, YANGON REGION |
| ၁၆၂ | P & S UNION GROUP LIMITED. | MR. ZHANG WEN | G 40499348 | MYA TAUNG WIN GYI U HMO STREET, LAND PLOT (396), SHWE LIN PAN INDUSTRIAL ZONE, YANGON REGION |
| | | MS. HUANG LIJUN | G 54808019 | |
| ၁၆၃ | P PRECIOUS MYANMAR LOGISTICS & SUPPLY CHAIN LIMITED | U Pyae Maung Maung | 12/DAGATA(N)048798 | BOGYOKE STREET, NO. (E/2), NO (1) QUARTER, MYAWADDY, KAYIN STATE |
| ၁၆၄ | PAING SAY THAR COMPANY LIMITED. | Daw Phyu Phyu Thwe | 9/AHMAZA(N)059298 | NO(54), MAHARMUNI OWE SI TAN, BETWEEN 81ST X 82ND STREET, 45 BOBAHTOO STREET, MAHARAUNGMYAY TOWNSHIP, YANGON REGION |
| | | Daw Ei Mon Oo | 7/WAMANA(N)110769 | |
| ၁၆၅ | Paw Pyae Chan Thar Co., Ltd | Daw Su Pyae Aung | 5/MAYANA(N)326900 | THAN LWIN STREET, NO.(27), SOUTH DAGON INDUSTRIAL ZONE, YANGON REGION |
| ၁၆၆ | PHONE PYAE ZAW TRADING COMPANY LIMITED. | Daw Aye Aye Than | 5/WALANA(N)107512 | SWAN SAW (3) STREET, NO. (280), MUSE TOWNSHIP, SHAN STATE |
| | | U Aung Thu | 8/AHLANA(N)118624 | |
| | | U Lin Han Kyaw | 9/PAOULA(N)013856 | |
| | | U Thein Ko | 9/PABANA(N)167988 | |
| | | U Yan Chin Chike | 13/NAMATA(N)040697 | |
| ၁၆၇ | PHYO & PYAE COMPANY LIMITED. | U Chit Chit Kyaw | 8/PAPHANA(N)090458 | MINE YU (105) MILE VILLAGE GROUP, NE MYAY (5), MUSE TOWNSHIP, SHAN STATE |
| ၁၆၈ | PHYO WAI AUNG COMPANY LIMITED. (ယခင်ကုမ္ပဏီအမည်) @ PYYO WAI AUNG MYANMAR COMPANY LIMITED (ယခုကုမ္ပဏီအမည်) | U Phyo Wai Aung | 12/KAMANA(N)100524 | NO(39), ZAYLAY 3 STREET, ZAYLAY WARD, KYIMYINDAING TOWNSHIP, YANGON REGION |
| ၁၆၉ | PK EX MYANMAR COMPANY LIMITED | U Aung Htet Htet Kyaw | 12/DAGATA(N)082869 | MYAYNIGONE ZAY STREET, NO. 51, SANCHAUNG TOWNSHIP, YANGON REGION |
| | | Daw May Phyu Khin | 14/HATHATA(N)323248 | |
| | | Daw Phyo Zin Mar Wai | 14/HATHATA(N)221124 | |
| | | Daw Aye Nyien Chan | 8/THAYANA(N)046422 | |
| ၁၇၀ | PLATINUM PALACE COMPANY LIMITED. | U Zaw Htay Hlaing | 14/AHGAPA(N)048939 | NO.(22), MYA THIDAR STREET, BETWEEN (24X25)(63X64) STREET, MAHAR ZAYA BON WARD, AUNG MYAY THARZAN TOWNSHIP, MANDALAY REGION |
| ၁၇၁ | PLUMERIA TECH COMPANY LIMITED. | U Wai Lin Aung | 12/SAKHANA(N)056219 | AHWAI YAR STREET, NO. 6/B, 15 WARD, YANKIN TOWNSHIP, YANGON REGION |
| ၁၇၂ | POE CHI TRADING COMPANY LIMITED | Daw Than Aye | 12/KATANA(N)057334 | NAY KYAR/THARYARKONE STREET, ROOM (7-A), BUILDING (22), (2) QUARTER, PAZUNDAUNG TOWNSHIP, YANGON REGION |
| | | U Tun Shwe | 12/KATANA(N)057339 | |
| ၁၇၃ | PRECIOUS AMBER COMPANY LIMITED. | Daw Thet Htar Thein Aung | 8/MALANA(N)065134 | SWAL TAW CITY, ZAY KABAR HOUSING, BUILDING B, ROOM NO (411), MINGALARDONE TOWNSHIP, YANGON REGION |
| ၁၇၄ | PRECIOUS MYAWADDY LOGISTICS AND SUPPLY CHAIN LIMITED. | Daw Su Mon Htwe | 12/OUKATA(N)189299 | BOGYOKE STREET, NO. (E/2), NO (1) QUARTER, MYAWADDY, KAYIN STATE |
| ၁၇၅ | PRIME PACIFIC COMPANY LIMITED. | Daw Swe Swe Lin | 12/YAKANA(N)021466 | AUNG CHAN THAR STREET, NO.(A-1), #606, AUNG CHAN THAR CONDOMINIUM, (13) WARD, YANKIN TOWNSHIP, YANGON REGION |
| ၁၇၆ | PRO MYANMAR TRADING CO.,LTD. | Daw Nyein Pyae Sone Soe | 10/MALAMA(N)192223 | PATHEIN NYUNT 7TH STREET, NO.13, ROOM(4-A), MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION |
| | | U Thet Tun | 12/OUKAMA(N)007867 | |
| ၁၇၇ | Pyae Sone Htet Co., Ltd | Daw Thin Marlar Aung | 7/MALANA(N)068274 | NO. 46(6F), 7TH STREET, 3RD QUARTER, LANMADAW TOWNSHIP, YANGON REGION |
| | | U Than Aye @ Hla Aye | 12/LAMATA(N)011420 | |
| | | U Zwe Htet @ Zay Lin Htet | 12/LAMATA(N)039067 | |
| ၁၇၈ | PYI THAR TUN TAUK COMPANY LIMITED | Daw Su Mon Htwe | 12/OUKATA(N)189299 | MYITTAR STREET,NO.774, 13 WARD, SOUTH OKKALAP TOWNSHIP , YANGON REGION |
| | | U Pyae Maung Maung | 12/DAGATA(N)048798 | |
| ၁၇၉ | RDM REAL DEVELOPMENT MYANMAR COMPANY LIMITED | U Thuta Win | 12/OUKAMA(N)109200 | U WISARA ROAD, NO.226, 2ND FLOOR, WIZAYA PLAZA, BAHAN TOWNSHIP, YANGON REGION |
| | | U Tin Nay Oo | 12/THAKATA(N)000709 | |
| ၁၈၀ | RJE MACHINERY AND LOGISTICS COMPANY LIMITED. | U Sai Nyi Nyi Soe | 12/BAHANA(N)091887 | PYAY ROAD, NO.234, LEVEL 6-7, CENTRAL 9 OFFICE TOWER, MAYANGONE TOWNSHIP, YANGON REGION |
| | | U La Min Win | 2/LAKANA(N)054681 | |
| ၁၈၁ | RO MAI ZAR COMPANY LIMITED. | U Thet Paing Nyein | 6/MAMANA(N)148402 | THAN MA SAKE TA STREET, NO 69, YAR PYAE QUARTER, MYEIK TOWNSHIP, TANINTHARYI REGION |
| ၁၈၂ | ROYAL ALAR FAMILY COMPANY LIMITED. | Daw Ei Ei Khaing | 6/KASANA(N)110444 | BLOCK-34, (B) STREET, NAWADAY HOUSING, HLAING THAR YAR TOWNSHIP, YANGON REGION |
| | | U Kyaw Htwe | 6/KASANA(N)149719 | |
| ၁၈၃ | ROYAL ALAR NAY PYI TAW COMPANY LIMITED. | U Wana Oo | 6/KASANA(N)111611 | (63) STREET, NO.(23/B), NAWADAY HOUSING, HLAING THARYAR TOWNSHIP, YANGON REGION |
| ၁၈၄ | ROYAL CROWN SUPPLY CHAIN COMPANY LIMITED. | Daw Hsu Mon Htwe | 12/OUKATA(N)189299 | BO AUNG KYAW ROAD, BETWEEN MERCHANT ROAD AND MAHARBANDOOLA ROAD, BUILDING 170/176, ROOM NO (705), 7TH FLOOR, M.G.W TOWER, BOTATAUNG TOWNSHIP, YANGON REGION |
| | | Daw Nilar Myint | 12/OUKATA(N)179206 | |

ဆက်လက်ဖော်ပြပါမည်



ဖမ်းဆီးရမိ ယာဉ်အမှတ်၊ MDY-20/1F-2504 TOYOTA PRADO ခဲရောင်(လိုင်စင်မဲ့)ယာဉ်ကို တွေ့ရစဉ်။


မူးယစ်ဆေးဝါးများတင်ဆောင်လာသည့် MDY/9V-54836 ထော်လာဂျီစိမ်းပုပ်ရောင် (လိုင်စင်မဲ့)ယာဉ်ကို တွေ့ရစဉ်။


ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားထုပ်ပိုးမှုပုံစံကို တွေ့ရစဉ်။


ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ သိန်းပြား၊ ကာလတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇ ဘီလီယံခန့်ကို တွေ့ရစဉ်။

➤ **ကျောဖုံးမှအဆက်**

ရှောင်ကွင်းသည့် လမ်းကြောင်းများအား ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရသည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၄ ရက်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ရမည်းသင်းမြို့မှ ပဒါန်းမြို့သို့ မူးယစ်ဆေးဝါးများ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားခံဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ နတ်မောက်မြို့နယ်၊ ရွာတော်စစ်ဆေးရေးဂိတ်၌ တရားခံ မျိုးမင်းအောင်နှင့်အတူ TOYOTA PRADO ယာဉ်အားလည်းကောင်း၊ နတ်မောက်မြို့နယ်၊ စိုင်ကောင်းကျေးရွာအနီး၌ တရားခံ မင်းမင်းခိုင် မောင်းနှင်၍ လှိုင်ဝင်းလိုက်ပါလာသည့် ထော်လာဂျီယာဉ်အား ဖမ်းဆီးရမိခဲ့ပြီး ယာဉ်ပေါ်တွင် ထုံးအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဆာလာအိတ် ၃၉ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ သိန်းပြား၊ ကာလတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇ ဘီလီယံခန့်အား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ၃ ဦး၊ မော်တော်ယာဉ် ၂ စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ သိန်း ပြား(၁ ပြားလျှင် ၁၅၀၀ ကျပ်)၊ ကာလတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇ ဘီလီယံခန့်တို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် တရားခံဖြစ်သည့် ပင်လောင်းမြို့နယ်၊ တီဂျစ်ကျေးရွာနေ ကျော်ဝင်းအောင်(ခ)ပအို့ဝ်(ဖမ်းဆီးရန်ကျန်)မှ ဝမ်ဟိုင်းဒေသရှိ မူးယစ်ဆေးဝါးများအား ၎င်း၏အစီအစဉ်ဖြင့် ကလောမြို့နယ်၊ ဘွန်ယွာကျေးရွာအနီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ကျော်ဝင်းအောင်(ခ)ပအို့ဝ် (ဖမ်းဆီးရန်ကျန်)၏ ခိုင်းစေချက်ဖြင့် မျိုးမင်းအောင်၊ မင်းမင်းခိုင်နှင့် လှိုင်ဝင်းတို့မှ ဖမ်းဆီးရမိ ထော်လာဂျီယာဉ်ဖြင့် ဘွန်ယွာကျေးရွာမှတစ်ဆင့် ရမည်းသင်း- ပျော်ဘွယ်- နတ်မောက် - မကွေးလမ်းကြောင်းအတိုင်း ပဒါန်းမြို့နယ်သို့ ပို့ဆောင်မည်ဖြစ်ကြောင်းနှင့် ပဒါန်းမြို့နယ်မှတစ်ဆင့် ရခိုင်ပြည်နယ်၊ အမ်းမြို့ရှိ AA သောင်းကျန်းသူအဖွဲ့ မြို့နယ်မှူးအဆင့်ရှိ(စိစစ်ဆဲ)ထံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး တရားခံပြေးများအပါအဝင် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်သည့် သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။


တရားခံ မျိုးမင်းအောင်၊ ၄၃ နှစ်။


တရားခံ မင်းမင်းခိုင်၊ ၃၇ နှစ်။


တရားခံ လှိုင်ဝင်း၊ ၅၀ နှစ်။

(၁၀၀)

# ရန်ကုန်စတော့အိတ်ချိန်း၌ ဧပြီလပထမပတ်အတွင်း စတော့ရှယ်ယာအစောင်တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဧပြီ ၅

ရန်ကုန်စတော့အိတ်ချိန်း၌ ဧပြီလ ပထမပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီ ရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ် ပြုလုပ်လျက်ရှိရာ မတ်လ ၃၀ ရက်မှ ဧပြီလ ၃ ရက်အထိ စုစုပေါင်း ငွေကျပ်၄၆၈၄၈၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၀၄၀၂၇ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် ယခုတစ်ပတ်အတွင်း FMI ကုမ္ပဏီမှ ငွေကျပ် ၂၄၁၆၂၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ အစောင် ၁၈၂၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၁၅၆၆၉၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၈၆၆၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၅၀၆၈၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၄၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက်စတော့ရှယ်ယာအစောင်ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၂၇၂၉၆၅၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၂၅၁၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင် တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် သုံးပုံနှစ်ပုံကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၃၂၉၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၂၅၀၅၅၇၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၃၇၈၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၆၄၅၇၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၆၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၂၄၅၉၁၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၄၃၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရက်ရှ်ဖို့ဒ်ကိုခေါ်ယူရန်ကြိုးပမ်းနေသည့်အသင်းများတွင် အေစီမီလန်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ပါဝင်လာ



ဘာစီလိုနာ ဧပြီ ၅

လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ရက်ရှ်ဖို့ဒ်ကိုခေါ်ယူရန် ကြိုးပမ်းနေသည့်အသင်းများတွင် အေစီမီလန်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ပါဝင်လာကြောင်း သိရသည်။

ရက်ရှ်ဖို့ဒ်သည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ဘာစီလိုနာအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ဘာစီလိုနာအသင်းအနေဖြင့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့် အပြီးသတ်စာချုပ် ချုပ်ဆိုနိုင်မည့်အချက်ကို ထည့်သွင်းချုပ်ဆိုထားသည်။

အစောပိုင်းကတည်းက ဘာစီလိုနာအသင်းက ရက်ရှ်ဖို့ဒ်ကို အပြီးသတ်ခေါ်ယူလိုနေပြီး ရက်ရှ်ဖို့ဒ်ကိုယ်တိုင်ကလည်း မန်ယူအသင်းထံ ပြန်လည်မပူးပေါင်းလိုသည့်အတွက် အပြီးသတ်စာချုပ်ဖြင့် ဘာစီလိုနာအသင်းထံ ပြောင်းရွှေ့လိုသော်လည်း ဘာစီလိုနာအသင်းက ငွေကြေးပိုင်းအခက်အခဲကြောင့် ပြောင်းရွှေ့ကြေးပေးချေရန် ခက်ခဲနေသည့်အတွက် အပြောင်းအရွှေ့မှာ ကြန့်ကြာနေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် ရက်ရှ်ဖို့ဒ်တို့ အပြောင်းအရွှေ့ကြန့်ကြာနေမှုကို အေစီမီလန်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့က အခွင့်ကောင်းယူပြီး ရက်ရှ်ဖို့ဒ်ကိုခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် ယခုဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၄၀ ကစားပြီးချိန်တွင် ၁၀ ဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှုလေးကြိမ်ပြုလုပ်နိုင်သည်အထိ ခြေစွမ်းပြလျက်ရှိကြောင်း သိရသည်။

***Ref;Top Skills Sports UK***

# လီဗာပူးအသင်းပရိသတ်များက မန်စီးတီးအသင်းနှင့်ပွဲစဉ်တွင် အသင်းနည်းပြအာနီဆလော့ကို အသင်းမှထွက်ခွာရန် တောင်းဆိုမှုများပြုလုပ်

လန်ဒန် ဧပြီ ၅

လီဗာပူးအသင်းပရိသတ်များက မန်စီးတီးအသင်းနှင့် ကစားသည့် အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် အသင်းနည်းပြ အာနီဆလော့ကို အသင်းမှထွက်ခွာရန် ကွင်းအတွင်းတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

နည်းပြ အာနီဆလော့သည် ပြီးခဲ့သည့်ဘောလုံးရာသီက လီဗာပူးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ပထမဆုံးဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်သည်အထိ အောင်မြင်မှုများရယူပေးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ရလဒ်များဆိုးရွားနေသည့်အတွက် အသင်းပရိသတ်များက နည်းပြအာနီဆလော့အား အသင်းမှထွက်ခွာရန် တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

နည်းပြအာနီဆလော့သည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက စံချိန်တင်ပြောင်းရွှေ့ကြေး အသုံးစရိတ်အများအပြား အသုံးပြုပြီး ထိပ်တန်းကစားသမားများကို ခေါ်ယူခဲ့သော်လည်း အသင်းအနေဖြင့် စံချိန်တင်ရလဒ်များဆိုးရွားနေသည့်အတွက် နည်းပြ အာနီဆလော့၏ အနာဂတ်မှာ မရေမရာဖြစ်နေခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ယခုဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သော်လည်း အက်ဖ်အေဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရသကဲ့သို့ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ပြိုင်ပွဲပြီးဆုံးရန် ခုနစ်ပွဲအလိုတွင် ရမှတ် ၄၉ မှတ်ဖြင့် အဆင့်(၅)နေရာ၌ ရပ်တည်နေပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် မရေမရာဖြစ်နေခြင်းဖြစ်သည်။

နည်းပြအာနီဆလော့အနေဖြင့် ယခုဘောလုံးရာသီတွင် ရလဒ်များဆိုးရွားနေသည့်အတွက် ရာသီအကုန်တွင် နည်းပြရာထူးမှ ထုတ်ပယ်ခံရရန်နီးစပ်နေပြီး နည်းပြသစ်အဖြစ် ကစားသမားဟောင်း နည်းပြ အလွန်ဆိုက ရေပန်းစားလျက်ရှိကြောင်း သိရသည်။

***Ref;Fabrizio Romano***

# ဟိုပုံးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

ဟိုပုံး ဧပြီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီလ ၄ ရက်က လွယ်အွန့်ကျေးရွာအုပ်စု နောင်တောင်းထိကတူး ပရဟိတကျောင်း၌ ကျင်းပသည်။


ရှေးဦးစွာ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းဦးက မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံ၊ မီးခိုးမြူငွေ့အန္တရာယ်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု၏ဆိုးကျိုးများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ဖြစ်ပွားတတ်သောကျန်းမာရေးဆိုင်ရာဆိုးကျိုးများနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးနည်းလမ်းများကိုဟောပြောသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးအောင်အောင်ထွန်းက သစ်တောပြုစုထိန်းသိမ်းခြင်းဆိုင်ရာ၊ သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းဆိုင်ရာအကြောင်းအရာများ၊ ဒေသအတွင်း Fire Hotspots ဖြစ်ပေါ်မှုလျှော့ချရေး၊ တောမီးလောင်မှုလျှော့ချရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကိုဟောပြောသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့်အကြောင်းအရာများကိုမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ကျောင်းသား၊ ကျောင်းသူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တန်ဖိုးထားဆောင်ရွက်တတ်စေရန်၊ သစ်တောသစ်ပင်စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်နိုင်စေရန်နှင့် မီးခိုးမြူငွေ့အန္တရာယ် တားဆီးကာကွယ်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မချမ်းဘော့ | (၀.၄၃)လက်မ |
| ပူတာအို | (၀.၃၂)လက်မ |
| မိတ္ထီလာ | (၀.၂၇)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မြင်းမူ | ၄၃.၇˚C |
| ချောက် | ၄၃.၄˚C |
| မြင်းခြံ | ၄၂.၈˚C |
| ညောင်ဦး | ၄၂.၃˚C |
| မင်းဘူး | ၄၂˚C |
| မုံရွာ | ၄၂˚C |
| ရွှေဘို | ၄၁.၅˚C |
| တံတားဦး | ၄၁.၃˚C |
| (လေကြောင်းမိုးလေဝသ) | |
| မန္တလေး | ၄၁.၂˚C |
| စစ်ကိုင်း | ၄၁.၂˚C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၇ | ၃၀ |
| ရှမ်း(မြောက်) | ၁၈ | ၃၇ |
| ရှမ်း(အရှေ့) | ၁၈ | ၃၅ |
| ရှမ်း(တောင်) | ၁၈ | ၃၃ |
| ချင်း | ၁၃ | ၂၆ |
| စစ်ကိုင်း(အထက်) | ၁၁ | ၃၈ |
| စစ်ကိုင်း(အောက်) | ၂၅ | ၄၂ |
| နေပြည်တော် | ၂၆ | ၃၇ |
| မန္တလေး | ၂၈ | ၄၁ |
| မကွေး | ၂၄ | ၄၁ |
| ရခိုင် | ၂၀ | ၃၄ |
| ပဲခူး | ၂၃ | ၃၆ |
| ရန်ကုန် | ၂၄ | ၃၇ |
| ဧရာဝတီ | ၂၃ | ၃၈ |
| ကယား | ၂၀ | ၃၅ |
| ကရင် | ၂၀ | ၃၈ |
| မွန် | ၂၄ | ၃၅ |
| တနင်္သာရီ | ၂၄ | ၃၆ |



# ပဲခူးပြည်သူ့ဆေးရုံကြီး၌ အပူဒဏ်ရောဂါများဖြင့်လာရောက်ပြသသည့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကုသပေးမည့်နေရာအား ကြိုတင်စီစဉ်ထားရှိ

ပဲခူး ဧပြီ ၅


ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ဧပြီလ ၄ ရက်ကစတင်ပြီး အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါများဖြင့် လာရောက်ပြသသည့်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကုသပေးမည့် နေရာအား ကြိုတင်စီစဉ်ထားကြောင်း သိရသည်။

အပူဒဏ်ရောဂါကုသနိုင်ရေးအတွက် ကြိုတင်စီစဉ်ထားရှိမှု၊ လူနာများလက်ခံကုသပေးမည့်နေရာများ ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။


ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် အပူဒဏ်ကြောင့်ဖြစ်ပေါ်တတ်သောရောဂါများဖြင့် လာရောက်ပြသကုသရန်အတွက် လူနာ ၁၀ ဦးစာ ကြိုတင်ပြင်ဆင်ထားပြီး လိုအပ်ပါက လူနာ ၃၀ ဦးထက်ပို၍ ကုသနိုင်စေရန် ကြိုတင်ပြင်ဆင်ထားရှိမှုများ ဆောင်ရွက်ထားကြောင်းသိရသည်။

(၄၁၀)

# မန္တလေးနှင့် ကလေးမြို့တို့တွင် တရားမဝင်သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ် ၁ ဘီလီယံကျော် တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၈ တန်ကျော်ဖမ်းဆီးရမိ




တရားခံ ဇော်ဝင်းနိုင်(ခ)ဖိုးသား၊ ကိုဦး၊ နိုင်လင်း၊ ဖြိုးကိုကို၊ နိုင်ချိန်းအောင်နှင့်မတင့်တင့်အေးတို့အား မန္တလေးမြို့တွင်သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၁ ဒသမ ၀၂၅ တန်နှင့်အတူ တွေ့ရစဉ်။




တရားခံ နေမျိုးလင်း(ခ)ရှော့ကီ(ခ)မုတ်ဆိတ်၊ မကြွယ်သင်ပါးရ်အီး(ခ)ပါးရ်အီးနှင့် လားရင်မွှာနာတို့အား ကလေးမြို့တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၃ ဒသမ ၈ တန်နှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဧပြီ ၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်လ ၂၁ ရက်နေ့ ညနေ ၄ နာရီခွဲအချိန် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ၂၆ လမ်း၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြားရှိနေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်ရှင် ကိုဦးနှင့်အတူ ဇော်ဝင်းနိုင်(ခ)ဖိုးသားတို့အား တရားမဝင်သိုလှောင်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁ ဒသမ ၀၂၅ တန်၊ TOYOTA HILUX SURF ယာဉ် ၁ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိကဖင်းများအား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမှ မန္တလေးသို့ NISSAN ၆ ဘီးယာဉ်ဖြင့် သယ်ဆောင်ခဲ့ကြသည့် ယာဉ်ပိုင်ရှင် မတင့်တင့်အေး၊ နိုင်လင်း၊ ဖြိုးကိုကိုနှင့် နိုင်ချိန်းအောင်တို့ ၄ ဦးအား မန္တလေးမြို့၌ ဆက်လက်ဖမ်းဆီးရမိခဲ့ပါသည်။

၎င်းတို့၏ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိကဖင်းများအား ကလေးမှ မန္တလေးသို့ သယ်ဆောင်ခိုင်းသူ ညီညီဇော်(ခ)ဖိုးငယ်အား ကလေးမြို့၊ မြို့သာရပ်ကွက်ရှိ နေအိမ်တွင် ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် SANGDA KSD MPV ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ယင်း၏ဖော်ထုတ်ချက်အရ ကလေးမြို့နေ ကဖင်းအိတ်များပိုင်ရှင် မခင်မို့မို့အေး(ခ)အန်တီမိုးနှင့် ပူးပေါင်းပါဝင်ခဲ့သည့် နေမျိုးလင်း(ခ)ရှော့ကီ(ခ) မုတ်ဆိတ်၊ မကြွယ်သင်ပါးရ်အီး(ခ) ပါးရ်အီးနှင့် ခိုင်လင်းထွဋ်တို့အား ကလေးမြို့၌ ဆက်လက်ဖမ်းဆီးရမိခဲ့ပါသည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ ကလေးမြို့၊ စမ်းမြို့ရပ်ကွက်ရှိ လားရင်မွှာနာ(ခ)မွမ်သဲ၏နေအိမ်မှကဖင်း ၃ ဒသမ ၈ တန် ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် မန္တလေးမြို့၌ ဖမ်းဆီးရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁ ဒသမ ၀၂၅ တန် (တစ်ကီလိုလျှင် ငွေကျပ် ၄ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၁၀၀)၊ ကလေးမြို့တွင် ဖမ်းဆီးရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၃ ဒသမ ၈ တန် (တစ်ကီလိုလျှင်ငွေကျပ် ၃ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၁၄ ဘီလီယံ)၊ စုစုပေါင်း ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၈၂၅ တန် (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၅၅ ဘီလီယံ)အား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပါသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများအား မြန်မာ-အိန္ဒိယနယ်စပ်၊ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ရိဒ်ခေါဒါရ်မြို့မှ ကလေးမြို့သို့လည်းကောင်း၊ ကလေးမြို့မှမန္တလေးမြို့သို့လည်းကောင်း တရားမဝင်တင်သွင်းသယ်ဆောင်ရောင်းဝယ်သူမှာ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ရိဒ်ခေါဒါရ်မြို့၊ မြန်မာ-အိန္ဒိယနယ်စပ်နေ မမားစောဆန်းအီး(ခ) ဆန်းအီး(ခ)သဲသဲ(ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား ၂ ဦးအား ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက်ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။




တန့်ယန်းမြို့နယ်အတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား ၂ ဦးအား ထပ်မံဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများနှင့်အတူ လုံခြုံရေးပူးပေါင်းအဖွဲ့များက အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူများ ဝင်ရောက်အခြေပြုနေထိုင်ခြင်းမရှိစေရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်အတွင်း လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းများကိုလုပ်ဆောင်စဉ် အဆိုပါမြို့၏ အရှေ့မြောက်ဘက် မီတာ ၂၅၀၀၀ ခန့်အကွာ ကောင်းဆန်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်လုပ်ငန်းသုံးပစ္စည်းများနှင့် နေထိုင်အသုံးပြုလျက်ရှိသည့် အဆောက်အအုံများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည့် သတင်းအား ဧပြီလ ၄ ရက်နေ့တွင်ထုတ်ပြန်ပြီးဖြစ်ပါသည်၊

ယနေ့ဧပြီလ ၅ ရက်တွင်လည်း လုံခြုံရေးပူးပေါင်းအဖွဲ့များ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများဝင်ရောက်အခြေပြုနေထိုင်ခြင်း မရှိစေရန်အတွက် ဆက်လက်ရှာဖွေဖော်ထုတ်ခဲ့ရာ မွန်းလွဲ ၁၂နာရီ၁၅မိနစ်ခန့်တွင်ကောင်းဆန်ကျေးရွာ အနီး ယမန်နေ့က ဖမ်းဆီးရမိခဲ့သည့်နေရာ၏မြောက်ဘက် မီတာ ၁၂၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၂ ဦးအား ထပ်မံတွေ့ရှိ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် ပါဝင်သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများပပျောက်စေရေးနှင့်မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

**ပျောက်ဆုံးကြောင်း**
ဇော်မင်း(ဘ)ဦးသန်းအောင် ၈/နမန(နိုင်) ၁၆၉၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၆၉၉၂၀၂၉

**ပျောက်ဆုံးကြောင်း**
သူရကြိုင်(ဘ)ဦးအုန်းကြိုင် ၁၀/သဖရ(နိုင်) ၁၂၈၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၅၄၂၆၅၁

**ပျောက်ဆုံးကြောင်း**
ထက်ဝေဖြိုး(ဘ)ဦးသိန်းလွင် ၁၀/ခဆန(နိုင်) ၁၂၀၆၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၃၆၅၈၈၀

**ပျောက်ဆုံးကြောင်း**
ဦးဖိုးလုံး(ဘ)ဦးအီဒစ် ၃/လဘန(နိုင်) ၂၇၆၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၈၇၀၆၆၅

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

**ပျောက်ဆုံးကြောင်း**
မဖြိုးအေး(ဘ)ဦးစိန်ဒါးမြှောင် ၁၀/သထန(နိုင်)၂၃၂၀၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၁၃၉၃၈၂၇

**ပျောက်ဆုံးကြောင်း**
သီတာဦး(ဘ)ဦးကျော်သန်း ၁၀/သထန(နိုင်)၂၄၈၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၇၂၆၀၂၆

**ပျောက်ဆုံးကြောင်း**
ခင်မောင်ထွန်း(ဘ)ဦးသောင်းရွှေ ၁၂/ဒလန(နိုင်)၀၄၄၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်းအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် သမ္မတကြီးအား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးအတွက် နိုင်ငံ့တာဝန်များကိုထမ်းဆောင်နိုင်ပါစေကြောင်း ဂါရဝပြု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်**

# အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

သမ္မတကြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး နိုင်ငံ့တာဝန်များထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**တရုတ်-မြန်မာစီးပွားပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်း**
**(CMECDPA)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော **ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း**

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၁/မမ/CTM | (ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်နှင့် ပုဂံ)ဘူတာကြီးတို့တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၁-၄-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၆-၄-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

**ပျောက်ဆုံးကြောင်း**

ရွှေပြည်သာမြို့၊ အမှတ်(၆)ရပ်ကွက်၊ မေခလမ်း၊ အမှတ်-၁၁၆/က နေ ဝင်းမမမျိုး(ဘ)ဦးမြင့်စိုး ၁၂/ရကန(နိုင်)၀၀၂၅၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၀၇၆၂၁၀**

**ပျောက်ဆုံးကြောင်း**

ငြိမ်းသီရိနိုင်(ဘ)ဦးနိုင်ဝင်း ၁၄/ဖပန(နိုင်)၂၆၇၆၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 803988)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၄၀၁၄၂၅၂**

**ပျောက်ဆုံးကြောင်း**

သင်းသင်းအေး(ဘ)ဦးသိန်းမြင့် ၇/ထတပ(နိုင်)၁၁၉၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

ကျော်စိုးမင်း(ဘ)ဦးပိုက်တင် ၈/အလန(နိုင်)၁၉၇၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

ယွင်ကော်(ဘ)ဦးဟော်လိန်းဖာ LSO-၂၁၂၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

သွင်သာယာထွန်း(ဘ)ဦးမျိုးထွန်း ၁၂/အစန(နိုင်)၂၄၀၄၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ဖြိုးကိုနိုင်(ဘ)ဦးခင်မောင်ဦး ၁၁/မပတ(နိုင်)၁၁၂၉၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ဆန်းထွဋ်အောင်(ဘ)ဦးရာဂျန်း ၅/တမန(နိုင်)၀၈၄၅၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 540927)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၂၈၂၈၇၉၇**

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် (က) ဒလသင်္ဘောကျင်းတွင် အမှတ် ၅ နှင့် အမှတ် ၆ လွန်းကျင်းတည်ဆောက်ရန်အတွက် မြေနေရာရှင်းလင်းခြင်း(Demolishing Work)၊ လွန်းကျင်းဝဲ/ယာ တစ်ဖက်တစ်ချက်နေရာတွင် မြေထိန်းနံရံ(Retaining Wall)ဆောက်လုပ်ခြင်း၊ လွန်းကျင်းလမ်းဝ ရန်ကုန်မြစ်ဘက် ရေစစ်မျဉ်းအောက်နေရာတွင် ဆင်ခြေလျှောအောက်ခြေထိန်းနံရံ(Toe Wall)ဆောက်လုပ်ခြင်းနှင့် Extension Drain တည်ဆောက်ခြင်းလုပ်ငန်းနှင့် (ခ)ဒလသင်္ဘောကျင်း(၂၅၅'x ၁၅၀')တွင် ရုံ၏အမိုးနှင့် ရေတံလျှောက်အသစ်ပြုပြင်ခြင်းလုပ်ငန်းတို့အား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ လျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန် - ၇-၄-၂၀၂၆ မှ ၆-၅-၂၀၂၆ အထိ(ရုံးချိန်အတွင်း)

လျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန် - ၆-၅-၂၀၂၆ ရက်နေ့ (၁၆:၃၀ နာရီအထိ)

လျှောက်လွှာတင်သွင်းရမည့်ရက်/အချိန် - ၇-၅-၂၀၂၆ မှ ၈-၅-၂၀၂၆ အထိ(ရုံးချိန်အတွင်း)

တင်ဒါဖွင့်မည့်နေရာ - ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)၊ အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

တင်ဒါရွေးချယ်စိစစ်မည့်ရက် - ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)၊ မြို့ပြအင်ဂျင်နီယာဌာနခွဲ၊ အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၈၀၀၇၁၉၈၊ ၀၉-၉၇၅၅၅၈၉၅၈ သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ ဒုတိယလမ်းမတော်နေ၊ ဦးထွန်းအောင်(၉/မထလ(နိုင်)၂၃၅၇၃၆)ကိုင်ဆောင်သူမှ (အလျား ၃၅'-၀"x အနံ ၁၀'-၀")RC(၂)ထပ် Slab အမိုးအဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**


"ဒဂုံ" နှင့်အတူ ဂုဏ်ယူလိုက်ပါ...
DAGON
LEMON
ပင်ရင်းအရောင်း- ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TYRE
CYCLE TYRE
LIGHT TRUCK TYRE
သုံးဘီးဆိုင်ကယ် တာယာ
CAR TYRE
SCANIA
ပင်ရင်းအရောင်း
ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉၄၅၃၂၅၅၅၄၅
STARMART NINE MILE Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
SERVICES
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
MIR Card POS Services / MIR Card Cashout (MMK) Via POS
Mobile Banking and Internet Banking Services
Foreign Banking Services with Russian Banks
" စိတ်ချရတဲ့ မြဝတီဘဏ် "
Phone:
(01) 2301367, 2301368
(01) 2301452, 2301378
MPU
UnionPay


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

❖ မိမိတို့နိုင်ငံ၏ ပကတိလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝလာစေရေး ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လို. . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင်ပြုလုပ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများကို ရထားနှင့်လေယာဉ် အခမဲ့စီးနင်းခွင့်ပြုမည်

နေပြည်တော် ဧပြီ ၅

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့၊ သီဟသူရဘွဲ့နှင့် သူရဘွဲ့ရရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် ရဲသီဟတံဆိပ်၊ ရဲသူရတံဆိပ်ရရှိသူများနှင့် ၎င်းတို့၏ဇနီး သို့မဟုတ် ခင်ပွန်းများ၊ သား၊ သမီးများအား မြန်မာ့မီးရထားအထက်တန်း အခမဲ့စီးနင်းခွင့်နှင့် မြန်မာ့မီးရထားစီးနင်းခြင်းမပြုနိုင်သော ဒေသများအတွက် နိုင်ငံပိုင်လေကြောင်းလိုင်းအား တစ်နှစ်လျှင် အသွား / အပြန် နှစ်ကြိမ် အခမဲ့စီးနင်းခွင့်ပြုသွားမည်ဖြစ်သည်။ ယခုကဲ့သို့ ခံစားခွင့်ရှိသူများသည် နီးစပ်ရာမြန်မာ့မီးရထားဘူတာရုံများတွင် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိထားကြောင်း အထောက်အထားပြသ၍ မှတ်ပုံတင်စာရင်းသွင်းကြရမည်ဖြစ်ပြီး မြန်မာ့မီးရထားမှ Smart Card များထုတ်ပေးသွားမည်ဖြစ်ပါသည်။ ခရီးသွားလာသည့်အခါ သက်ဆိုင်ရာဌာနများတွင် Smart Card များပြသ၍ မီးရထားလက်မှတ်၊ လေယာဉ်လက်မှတ်များ ထုတ်ယူရန်ဖြစ်ပါသည်။ စတင်မှတ်ပုံတင်စာရင်းသွင်းရမည့်နေ့ရက်ကို အကြောင်းကြားပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

# ရခိုင်ပြည်နယ်သို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



၂၀၂၆ ခုနှစ် ဧပြီလ ၄ ရက်တွင် နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာအနီး၌ တရားခံ ၃ ဦးနှင့်အတူ ဖမ်းဆီးရမိသည့်မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

နေပြည်တော် ဧပြီ ၅

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်ခြင်းများကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်း/ဝယ်သူများသည် စစ်ဆေးရေးဂိတ်များအား

စာမျက်နှာ ၂၇ ကော်လံ ၁ ➤

# မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် မြဝတီသတင်းစာ ခေတ္တရပ်နားမည်

မြဝတီနေ့စဉ်သတင်းစာအား မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက် (တနင်္လာနေ့)မှ ဧပြီလ ၁၈ ရက်(စနေနေ့)အထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီလ ၁၉ ရက်(တနင်္ဂနွေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## မန္တလေးနှင့် ကလေးမြို့တို့တွင် တရားမဝင်သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၈ တန်ကျော် ဖမ်းဆီးရမိ

စာ - ၂၉ သို့

## နိုင်ငံတကာသတင်း

ရုရှားနိုင်ငံ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရောနှောထွက်ရှိရာ နေရာ ၄၁ ခုနှင့် သတ္တုရိုင်းသိုက် ၂၇၆ ခုကို ရှာဖွေဖော်ထုတ်နိုင်ခဲ့

စာ - ၂၂ သို့

. . . . . . . . . . . . . . . . . . . . . . . . . . .

တန်ချိန် ၁၈၀၀၀ ရှိ နျူကလီးယားရေငုပ်သင်္ဘောကြီးကိုပင် ရှာဖွေထောက်လှမ်းနိုင်သည့် ထောက်လှမ်းရေးကိရိယာသစ်ကို တရုတ်ပညာရှင်များတီထွင်

စာ - ၂၂ သို့

